# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ အင်္ဂါနေ့ အတွဲ (၆၄)၊ အမှတ် (၀၅၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက် အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ရောင်းချပေးသွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန်ပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**ကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှကျောက်မျက်

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**အမျိုးသားအောင်ပွဲနေ့တွင် သန္နိဋ္ဌာန်ချ ခိုင်မာတည်ဆောက်သွားရမည့် အမျိုးသားရေးစိတ်ဓာတ်**

အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုဆောင်းပါး

ဆောင်းပါး | စာ ၆

**ဆည်တည်ဆောက်သည့် အကျိုးကျေးဇူးများ**

ဆောင်းပါး | စာ ၁၀



**ယခုနှစ် ပထမ ၁၀ လအတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု ၂၀ ရာခိုင်နှုန်းတိုးလာ**

နိုင်ငံတကာသတင်း | စာ ၁၃

# ရိုးရာအမွေအနှစ် ဆေးပညာကိုထိန်းသိမ်း နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ရန်ကြိုးပမ်း

မြန်မာ့တိုင်းရင်းဆေးပညာသည် စာနှင့်ပေနှင့် သမိုင်းတင်နိုင်သည့် ခေတ်များ၌ပင် ပညာရပ်တစ်ခုအနေဖြင့် ပေါ်ပေါက်နေခဲ့ပြီး ခေတ်အဆက်ဆက်တွင် ထွန်းကားလာခဲ့သည်ဟု ယုံကြည်ကြသည်။ ခိုင်လုံသည့် မှတ်တမ်းတစ်ရပ်အနေဖြင့်မူ ပုဂံမြို့ ဝက်ကြီးအင်းအရပ်တွင် တွေ့ရှိရသော အင်း၀ခေတ်ထိုး တက်နွယ်ကျောင်းကျောက်စာတွင် အလှူရှင် တောင်တွင်းမင်း သီရိဇေယျာသူရ ဇနီးမောင်နှံတို့လှူဒါန်းသည့် ပစ္စည်းများစာရင်းတွင် ဗုဒ္ဓပိဋကတ်တော်များနှင့်အတူ အာယုဗ္ဗေဒဆေးကျမ်းများစွာတို့ကို ပေးလှူခဲ့ကြောင်း ဆေးကျမ်းအမည်များနှင့်တကွ ဖော်ပြထားခြင်းဖြစ်သည်။ အင်း၀ နရပတိမင်းလက်ထက်တွင် ထိုးခဲ့သည့် ထိုကျောက်စာသည် မြန်မာ့တိုင်းရင်းဆေးပညာသမိုင်းအတွက် အစောဆုံးအထောက်အထားဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ဒေသနာနယ၊ နတ္ခတ္တနယ၊ ဘေသဇ္ဇနယနှင့် ဝိဇ္ဇာဓရနယ ဟူသော နယကြီးလေးပါး၊ တစ်နည်းအားဖြင့် တိုင်းရင်းဆေးပညာ စနစ်ကြီးလေးရပ်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းရင်းဆေးသမားတော်ကြီးများမှာ အဆိုပါစနစ်ကြီးလေးရပ်အနက်မှ တစ်ရပ်ရပ်ကိုစွဲကိုင်၍ ကုသမှုပေးကြခြင်းဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရေမြေသဘာ၀နှင့် ကိုက်ညီပြီး ဘုရင့်နန်းတော်တွင်းမှသည် ရပ်ရွာကျေးလက်များအထိ အားကိုးအားထားပြုခဲ့ကြရခြင်းဖြစ်သည့် အလျောက် အမျိုးသားအမွေအနှစ်တစ်ရပ်လည်းဖြစ်သည်။ ရှေးရာစုနှစ်ပေါင်းများစွာကပင် နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့တွင်ရှိခဲ့ကြသည့် တိုင်းရင်းဆေးဝါး၊ တိုင်းရင်းဆေးပညာတို့မှာ အတွေ့အကြုံအခြေပြုထားခြင်းဖြစ်ပြီး ခေတ်မီဆေးပညာများ တိုးတက်ထွန်းကားနေသည့် ယနေ့ခေတ်၌ပင် ဆက်လက်အသိအမှတ်ပြုထားရဆဲဖြစ်သည်ကိုလည်း တွေ့ရသည်။ သဘာ၀တိုင်းရင်းဆေးများဖြင့်ကုသသည့် တိုင်းရင်းဆေးကုထုံးများကို ဆက်လက်၍ အားကိုးအားထားပြု သုံးစွဲနေကြရဆဲဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာ၊ မြန်မာ့တိုင်းရင်းဆေးဝါးနှင့် မြန်မာတိုင်းရင်းဆေးသမားတော်များသည်လည်း တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးနှင့် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍတွင် အရေးပါသည့်အခန်းကဏ္ဍ၌ ခေတ်နှင့်အညီ ဆက်လက်ပါဝင်လျက်ရှိသည်။

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ် နိုင်ငံတစ်ဝန်းရှိ မြန်မာတိုင်းရင်းဆေးသမားတော်များ၊ နီးနွယ်ပညာရှင်များ ပါဝင်တက်ရောက် ဆွေးနွေးညှိနှိုင်း ပညာဖလှယ်ကြသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲမှာ ယခုနှစ်တွင် (၂၃) ကြိမ်မြောက်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါညီလာခံနှင့် နှီးနှောဖလှယ်ပွဲများက မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆက်စပ်နေသည့် ကဏ္ဍပေါင်းစုံမှ ကိုယ်စားလှယ်တော်ကြီးများ တွေ့ဆုံဆွေးနွေး ပေါင်းစပ်ဖလှယ်နိုင်ခြင်းဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရလဒ်ကောင်းများကို ဖြစ်ထွန်းစေသည်။ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည့် တိုင်းရင်းဆေးပညာဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် ပိုမိုအလုပ်အကျွေးပြုနိုင်မည်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာတွင် အာယုဗ္ဗေဒဆေးကျမ်း၊ ဂန္ဓာလရာဇ်ဆေးကျမ်းကဲ့သို့သော အိမ်နီးချင်းနိုင်ငံများ၏ တိုင်းရင်းဆေးပညာရပ်များလည်း ပေါင်းစည်းပါဝင်လျက်ရှိရာ ယခုအခါ ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးများအဖြစ် ခေတ်မီတိုးတက်လာပြီဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ၎င်းတို့၏ ရိုးရာတိုင်းရင်းဆေးပညာများပါ လိုက်ပါတိုးတက်လာနေသည်ကို မျက်ခြည်မပြတ်ကြရန်လိုသည်။ မြန်မာ့တိုင်းရင်းဆေးပညာကုထုံးများ၊ ဆေးကျမ်းများ၊ ဆေးဝါးများကို ရိုးရာအမွေအနှစ်အဖြစ် မပျောက်မပျက်အောင် ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ၊ ကုသနည်း ကုထုံးများ ပေါ်ထွက်လာစေရေးအတွက်လည်း တိုင်းရင်းဆေးလောကသားအားလုံးက အစွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် နိုဝင်ဘာ ၁၈

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ရန်ကုန်တိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် မြန်မာနိုင်ငံ ငှက်ဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မဟာမဲခေါင်ဒေသခွဲ နိုင်ငံများ၏ ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် မြန်မာနိုင်ငံ ငှက်ဖျားရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာ့လီမြို့၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ဗဟိုကူးစက်) ဒေါက်တာ ထွန်းတင်တို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲတွင် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ အခြားအပူပိုင်းကူးစက်ရောဂါများနှင့် တီဘီရောဂါစသည့် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ၊ သုတေသနဆိုင်ရာ၊ ပြည်သူ့ကျန်းမာရေး ပညာရှင်များ လေ့ကျင့်မွေးထုတ်မှုဆိုင်ရာ၊ နှစ်နိုင်ငံ တက္ကသိုလ်များအကြား သင်ကြားရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များအပြင် အတတ်ပညာနှင့်နည်းပညာဆိုင်ရာ အကူအညီရရှိရေးတို့နှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ့ပုလဲများထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြစဉ်။

❑ *ရှေ့ဖုံးမှ*

လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

**ကျောက်မျက်အတွဲများ ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာ အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



- ❍ ပြည်တွင်း ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေ၊ မြန်မာကျပ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားများဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်
- ❍ ပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်၊ ဖွင့်ပွဲအခမ်းအနား၌ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင် ၄၅၀၀ ကျော်လာရောက်ကြည့်ရှု

*စာမျက်နှာ ၃ မှ*

ခင်းကျင်း ပြသထားသည့် ကျောက်စိမ်းရိုင်း အတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ခင်းကျင်းပြသ ရောင်းချပေးသွားမည်**

နိုင်ငံတော်အတွက် နိုင်ငံခြား ဝင်ငွေရရှိရန်နှင့် နိုင်ငံသားများ အတွက် စီးပွားရေးအကျိုး ဖြစ်ထွန်းမှုများ ရရှိနိုင်စေရန် အတွက် တူးဖော်ထုတ်လုပ်ထား သည့် ကျောက်မျက်ရတနာများ ကို ရောင်းချနိုင်မည့် မြန်မာ့ ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ ကြောင်း၊ ယခုပြပွဲတွင် ပုလဲအတွဲ ပေါင်း ၂၈၀ ၊ ကျောက်မျက် အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်း အတွဲပေါင်း ၄၈၀၀တို့ကို ပြည်တွင်း ပြည်ပရတနာ ကုန်သည်များ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေ၊ မြန်မာ ကျပ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေ အမျိုးအစားများဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ် ချက်များနှင့်အညီ ရောင်းချပေး သွားမည်ဖြစ်ကြောင်းနှင့် ပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ခင်းကျင်း ပြသရောင်းချပေးသွား မည်ဖြစ်ကြောင်းနှင့် ယနေ့တွင် ဖွင့်ပွဲအခမ်းအနား၌ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင် ၄၅၀၀ ကျော်လာရောက်ကြည့်ရှု လေ့လာခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် ပြသထားသော ကျောက်စိမ်း ရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန်ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက် အတွဲများနှင့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုဂ္ဂလိကကျောက်မျက်ရတနာအရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှု စစ်ဆေးစဉ်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပုဗ္ဗသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် အလယ်ကျွန်း ကျေးရွာအုပ်စု တံတားကြီးကျေးရွာအတွင်း ရေဝပ်မှု မရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာန(တည်ဆောက်ရေး-၅)မှ ဆောင်ရွက် သည့် ကျေးရွာရေဆိုးထုတ်မြောင်း ဆောင်ရွက်ပြီးစီးမှု ကို ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ ကွင်းအမှတ်(၁၇၄၃)တွင် ရေကြီး နစ်မြုပ်မှုကြောင့် မိုးစပါးပျက်စီးဧကများကို နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနမှ စက်ယန္တရားများဖြင့် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး အတွက် မြေပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး အဆိုပါကွင်း အတွင်းရှိ ယာယီရှင်းလင်းဆောင်၌ တောင်သူများနှင့်



တွေ့ဆုံ၍ တောင်သူများအနေဖြင့် သီးနှံများကို ပန်းတိုင်အထွက်နှုန်း ထွက်ရှိစေရေးနှင့် ဆီထွက် သီးနှံများကို တိုးချဲ့စိုက်ပျိုးစေလိုကြောင်း ပြောကြားကာ တောင်သူများအား ဆောင်းသီးနှံ မတ်ပဲ၊ ပဲပုပ်နှင့် နေကြာမျိုးစေ့များကို ထောက်ပံ့ပေးအပ်ကြပြီး တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ရုံးပင် - အေးချမ်းသာ ကျေးရွာချင်းဆက်လမ်း စစ်တောင်းမြစ် ရေတိုက်စားမှုကြောင့် ကမ်းပါးပြို၍ လမ်းပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**လိုအပ်သည်များမှာကြား**

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ဘူတာကြီးရှေ့ သီရိမဏ္ဍိုင်လမ်းမပေါ်၌ လမ်းလယ် ကျွန်း လမ်းဘေးဝဲ/ယာတွင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ သီရိ မဏ္ဍိုင်လမ်းနှင့် ရာဇသင်္ဂဟလမ်းဆုံ မီးပွိုင့်အနီး ရာဇသင်္ဂဟလမ်းမပေါ်နှင့် လမ်းလယ်ကျွန်းများ၊ လမ်းဘေးဝဲ/ယာများတွင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ၊ မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုများ ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## သံအမတ်ကြီး ဦးဇော်ဦး အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၉**

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ၊ နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီမတီ ဒရောပါဒီမာမူထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**



## လူမှုစီးပွားမြှင့်တင်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၇ / ၂၀၂၄ )
၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

**လူမှုစီးပွားမြှင့်တင်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ (၂၈)လမ်း (မြောက်ဘက်)၊ အောင်သာယာရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လူမှုစီးပွားမြှင့်တင်ရေးပါတီ** ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင် ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**လူမှုစီးပွားမြှင့်တင်ရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ ( ၅၄ ) ဖြစ်ပါသည်။

(ပုံ)ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

**မိုး/ဇလ**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ အရာထမ်းလောင်း (အထူး)သင်တန်းဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

အရာထမ်းလောင်း(အထူး) သင်တန်း အမှတ်စဉ် (၁၄) ၏ သင်တန်းဖွင့်ပွဲကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။





သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က သင်တန်း၌ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ခေတ်စနစ်နှင့် လျော်ညီပြီး လက်တွေ့ လုပ်ငန်းနယ်ပယ်တွင် အသုံးဝင်သည့် သက်ဆိုင်ရာ ဘာသာရပ်များကို ပို့ချဆွေးနွေးပေးကြမည်ဖြစ်သည့်အတွက် လုပ်ငန်းခွင်ထဲ မရောက်မီ ကြိုတင်လေ့လာပြီး မိမိတို့၏ အရည်အသွေး မြင့်မားထက်မြက်စေရန် ကြိုးစားရမည် ဖြစ်ကြောင်း၊ သင်ခန်းစာများကို အာရုံစူးစိုက် မှတ်သားလေ့လာကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် သင်တန်းသား သင်တန်းသူများသည် မျိုးဆက်သစ် လူငယ်များဖြစ်သည့်အတွက် လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့် ယနေ့ခေတ်နှင့်အညီ အတွေးအခေါ်၊ အယူအဆများသည် အမြဲဆန်းသစ်နေအောင် ကြိုးစားလေ့လာကြစေလိုကြောင်း ပြောကြားသည်။

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၄)သို့ သင်တန်းသား ၆၆ ဦး နှင့် သင်တန်းသူ ၅၀ စုစုပေါင်း ၁၁၆ ဦး တက်ရောက်ကြပြီး သင်တန်းကို ၂၀၂၅ ခုနှစ် မတ် ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုဆောင်းပါး

# အမျိုးသားအောင်ပွဲနေ့တွင် သန္ဓေတည် အစဉ်နိုးကြားထက်သန်နေရမည့် အမျိုးသားရေးစိတ်ဓာတ်

**ကိုရေချမ်း**

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်၊ ခရစ်နှစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့။ ထိုနေ့တွင်ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ကျောင်းသားတို့သည် အင်္ဂလိပ်ဗျူရိုကရက်တို့က မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အတွက် ပြဋ္ဌာန်းလိုက်သော ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်သောနေ့ဖြစ်သည်။ တစ်နည်းဆိုသော် မြန်မာ့သမိုင်းတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများက နယ်ချဲ့ဗြိတိသျှအစိုးရကို ပထမဆုံးဆန့်ကျင်တိုက်ပွဲဝင်သော နေ့ဖြစ်သည်။



မြန်မာပြည်အရပ်ရပ်တွင် အမျိုးသားကျောင်းများပေါ်ပေါက်ခဲ့ရာ အမျိုးသားကျောင်းများ၏အစ ရန်ကုန်မြို့ မြို့မကျောင်း မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ပြီး ခုနစ်ရက်အတွင်း မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းသားများလည်း သပိတ်မှောက်ကြသည်။ အကြောင်းပြချက်မှာ တက္ကသိုလ်ကျောင်းသားများ၏ ကိုယ်ကျိုးအတွက် လုံးဝမပါဘဲ နောင်လာမည့် ကျောင်းသားလူငယ်များအတွက်ဖြစ်သောကြောင့် ပါဝင်လာကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး အုန်းအုန်းကျွက်ကျွက်မျှ ပါဝင်လာသဖြင့် မြန်မာ့ပညာရေးသမိုင်းတွင် ပထမအကြိမ်မှတ်တမ်းတင်ရသည့် လှုပ်ရှားမှုကြီးဖြစ်သည်။ ကောလိပ်ကျောင်းသားများက စတင်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို မြန်မာတစ်နိုင်ငံလုံးက အမျိုးသားနေ့ဟု အသိအမှတ်ပြုပြီး ၁၉၂၂ ခုနှစ်မှစ၍ ထိုနေ့တွင် နှစ်စဉ်နှစ်တိုင်း အမျိုးသားအောင်ပွဲသဘင်များ ကျင်းပလာခဲ့သည်။

## အမျိုးသားစိတ်ဓာတ်

အမျိုးသားပညာရေး လှုပ်ရှားမှုကြီး စတင်ပေါ်ပေါက်လာရန် အကြောင်းတရားများတွင် ထိုစဉ်က ကောလိပ်ကျောင်းသားများသည် မြန်မာ့နိုင်ငံရေးတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်း မရှိသော်လည်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အရေးကိစ္စများကို စိတ်ဝင်စားလေ့လာခြင်း၊ အချို့ကောလိပ်ကျောင်းသားတို့သည် တက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံ သင်ကြားပေးခြင်းမရှိသော်လည်း နိုင်ငံရေးအတွေးအခေါ် နိုင်ငံရေးသိပ္ပံပညာ (Political Science)၊ ဗြိတိသျှတို့၏ လစ်ဘရယ်ဝါဒ (Libera-lism) တို့ကို လေ့လာလိုက်စားခြင်း၊ ထိုစဉ်ကထုတ်ဝေသော သတင်းစာများက ကျောင်းသားတို့၏ အမြင်ကိုကျယ်စေခြင်း၊ ဖိနှိပ်ပြဿနာနှင့် ပြဿနာအချို့တွင် ကိုလိုနီအစိုးရ၏ နိုင်ထက်စီးနင်းလုပ်ရပ်များကို သိရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် အမျိုးသားစိတ်ဓာတ် (Nationalism) သည် ဒီရေအလား တိုးပွားလာခဲ့သည်။

တက္ကသိုလ်သပိတ် ပေါ်ပေါက်လာသောကြောင့် ဗြိတိသျှအစိုးရက မူလက ပေးရန် မရည်ရွယ်ခဲ့သော ဒိုင်အာခီအုပ်ချုပ်ရေးကို ပေးခဲ့ရသည်။ နိုင်ငံရေးနိုးကြားလာ၍ မြန်မာတိုင်းရင်းသားတို့သည် ဒိုင်အာခီအုပ်ချုပ်ရေးကို မကျေနပ်ကြဘဲ ဟုမ်းမရူး (Home Rule) ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုလာကြသည်။ အမျိုးသားကောလိပ်နှင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာခဲ့သည်။ အမျိုးသားကျောင်းများတွင် မျိုးချစ်စိတ်ဓာတ်၊ မိမိကိုယ်ကိုယ် အားကိုးလိုသည့် စိတ်ဓာတ်တို့ကို ပျိုးထောင်ပေးခဲ့သည်။ မြန်မာစာပေ၊ မြန်မာ့သမိုင်းနှင့် ဗုဒ္ဓဘာသာသင်ခန်းစာတို့ဖြင့် အမျိုးသားစိတ်ဓာတ်ရှင်သန်လာအောင် စနစ်တကျသင်ကြားပေးခဲ့သည်။ မြန်မာပြည်လွတ်လပ်ရေးရရှိအောင် ဦးဆောင်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ရေနံချောင်းအမျိုးသားကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့သူဖြစ်သည်။

## စိတ်ဓာတ်ခွန်အားများ

ဗြိတိသျှနယ်ချဲ့အစိုးရ၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် ၁၉၂၀ ပြည့်နှစ် ကောလိပ်ကျောင်းသားများ သပိတ်မှ သန္ဓေတည်လာခဲ့သော အမျိုးသားလှုပ်ရှားမှု စိတ်ဓာတ်ခွန်အားများဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်အထိ အောင်ပွဲအလီလီရခဲ့သည်။ ကျောင်းသားထုကြီးတစ်ရပ်လုံးတွင်သာမက ပြည်သူလူထုကြီးတစ်ရပ်လုံးတွင်ပါ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် အမျိုးသားရေးစိတ်ဓာတ်များ လွှမ်းခြုံရှင်သန်ဖြစ်ထွန်းခဲ့ပြီး တိုင်းတစ်ပါးလက်အောက်မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ အမျိုးသားရေးစိတ်ဓာတ်သည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် အသက်တမျှအရေးပါသည့် စိတ်ဓာတ်ဖြစ်သည်။ အမျိုးသားရေးစိတ်အားကောင်းလာပါက လွတ်လပ်ရေးရရှိအောင် စွမ်းဆောင်နိုင်သလို အမျိုးသားရေးစိတ်ဓာတ် ခေါင်းပါးလာပါက ရရှိပြီး လွတ်လပ်ရေးသည်ပင် ပြန်လည်ဆုံးရှုံးသွားနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်နှင့်စပ်လျဉ်းပြီး လေးနက်စွာ သိရှိမှတ်သားထားရန် လိုပါသည်။ အမျိုးသားစိတ်ဓာတ်ဟူသည် နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကိုဆောင်ရွက်လိုသောစိတ်ဓာတ်၊ ကာကွယ်စောင့်ရှောက်လိုသော စိတ်ဓာတ်ဖြစ်သည်။ **"အမျိုးသား"** ဟူသည် အရည်အချင်းလေးပါးနှင့် ပြည့်စုံမှသာ အမျိုးသားဟူ၍ ဖြစ်ပေါ်လာရသည်။ အရည်အချင်းတစ်ပါးမှာ **"ပိုင်နက်နယ်မြေ"** ဖြစ်သည်။ ဒုတိယအရည်အချင်းမှာ "လူ" သို့မဟုတ် **"ပြည်သူ"** ဖြစ်သည်။ တတိယအရည်အချင်းမှာ **"အချုပ်အခြာအာဏာပိုင်ဆိုင်ခြင်း"** ဖြစ်သည်။ စတုတ္ထအရည်အချင်းမှာ **"ကမ္ဘာ၏ အသိအမှတ်ပြုခြင်းခံရသော တည်တံ့သည့် အုပ်ချုပ်ရေးရှိခြင်း"**ဖြစ်သည်။ အဆိုပါ အရည်အချင်းတစ်ရပ်ရပ် ချို့ယွင်းပါက အမျိုးသားဟူ၍ ဖြစ်မလာပေ။

○ **အမျိုးသားကျောင်းများတွင် မျိုးချစ်စိတ်ဓာတ်၊ မိမိကိုယ်ကိုယ် အားကိုးလိုသည့် စိတ်ဓာတ်တို့ကို ပျိုးထောင်ပေးခဲ့သည်။ မြန်မာစာပေ၊ မြန်မာ့သမိုင်းနှင့် ဗုဒ္ဓဘာသာသင်ခန်းစာတို့ဖြင့် အမျိုးသားစိတ်ဓာတ် ရှင်သန်လာအောင် စနစ်တကျသင်ကြားပေးခဲ့**

○ **အမျိုးသားရေးစိတ်ဓာတ်သည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် အသက်တမျှအရေးပါသည့် စိတ်ဓာတ်ဖြစ်သည်။ အမျိုးသားရေးစိတ်အားကောင်းလာပါက လွတ်လပ်ရေးရရှိအောင် စွမ်းဆောင်နိုင်သလို အမျိုးသားရေး စိတ်ဓာတ် ခေါင်းပါးလာပါကရရှိပြီး လွတ်လပ်ရေးသည်ပင် ပြန်လည်ဆုံးရှုံးသွားနိုင်သည်ကို သတိချပ်ရမည်**

## တစ်မျိုးသားလုံးနိုးကြား

ကမ္ဘာက အသိအမှတ်ပြုခံထားရသော တည်တံ့သည့် အုပ်ချုပ်ရေးရှိခဲ့သည့် အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း တစုတစည်းတည်း စည်းလုံးညီညီ ရှိခဲ့သည့် ပြည်သူလူထုအပေါင်းကို အမျိုးသားဟုဆိုသည်။ တစ်နည်းဆိုသော် နိုင်ငံတစ်ခုအတွင်း ဘိုးစဉ်ဘောင်ဆက် အတူတကွနေထိုင်လာခဲ့ကြသည့် အမျိုးသားများဖြစ်သည်။ နှစ်ပေါင်းထောင်ချီ အဓွန့်ရှည်တည်တံ့ခဲ့သည့် မြန်မာအမျိုးသားနိုင်ငံတော်ကြီးကို ကိုလိုနီနယ်ချဲ့တို့က လက်နက်အင်အားကြီးမားစွာဖြင့် ကျူးကျော်သိမ်းပိုက်ခဲ့သဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးသွားခဲ့သည်။ နယ်ချဲ့လက်အောက်တွင် ခေါင်းမဖော်ဝံ့အောင် ချုပ်ကိုင်ဖိနှိပ် အနိုင်ကျင့်မှုများကို ကောလိပ်ကျောင်းသားများက စတင်ဆန့်ကျင်ခဲ့သည်။ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံး တွန်းလှန်လိုသည့် စိတ်ဓာတ်များ နိုးကြားလာခဲ့သည်။ ယင်းသည် တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ဖြစ်သည်။

၁၉၂၂ ခုနှစ်ကစတင်ခဲ့သည့် အမျိုးသားအောင်ပွဲသည် ယခုအခါ နှစ်ပေါင်း ၁၀၄ နှစ် တိုင်ခဲ့ပြီဖြစ်သည်။ ထိုစဉ်က နိုးကြားရှင်သန်ခဲ့သော အမျိုးသားစိတ်ဓာတ်သည် နယ်ချဲ့အစိုးရ၏ မတရားဖိနှိပ်မှုမှလွတ်မြောက်ရန် ကြိုးပမ်းမှုတွင် ပြည်သူလူထုတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်လာစေသည့် အမျိုးသားရေးစိတ်ဓာတ် ဖြစ်သည်။ ယင်းအမျိုးသားရေး စိတ်ဓာတ်သည် မြန်မာနိုင်ငံ၏ အကျိုးစီးပွား၊ နိုင်ငံသားတိုင်း၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့် ထိန်းသိမ်းရေးအတွက်ဖြစ်သည်။

မျက်မှောက်ကာလတွင်လည်း ထိုသို့ အမျိုးသားစိတ်ဓာတ်များ လိုအပ်နေပါသည်။ ကမ္ဘာပေါ်ရှိ အင်အားကြီးနိုင်ငံများသည် နိုင်ငံငယ်များအပေါ် တိုက်ရိုက်ကျူးကျော်သိမ်းပိုက်ခြင်း မပြုလုပ်ဘဲ သွယ်ဝိုက်ကျူးကျော် စွက်ဖက်သည့်စနစ်ကျင့်သုံးလာကြသည်။ နိုင်ငံငယ်များရှိ လူမျိုးအချင်းချင်း မတူကွဲပြားမှုများအကြား စိတ်ဝမ်းကွဲပြားအောင် သွေးထိုးမြှောက်ပင့်ပေးပြီး နိုင်ငံပြိုကွဲပျက်စီးအောင် ပြုလုပ်လာကြသည်။

## အမျိုးသားရေးအလေးထား

ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ကာလတွင် ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ်ကို ခုခံကာကွယ်နိုင်ရန်အတွက် အမျိုးသားစိတ်ဓာတ်နှင့် ခံယူချက်များ နိုးကြားထက်သန်နေရန်လိုပါသည်။ အမျိုးသားရေးဟုဆိုရာတွင် ရှေးရိုးစွဲအမျိုးသားရေးနှင့် လစ်ဘရယ်ကဲ့သို့ အစွန်းရောက်အမျိုးသားရေးကို မဆိုလိုပါ။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမည့် အမျိုးသားစိတ်ဓာတ် ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

❒ **လက်ရှိကာလတွင် နိုင်ငံအတွင်း အမျိုးသားစိတ်ဓာတ် နိုးကြားထက်သန်စေရေးအတွက် အထူးလိုအပ်နေသည့် အရင်းခံအကြောင်းတရားကို အလေးအနက် သုံးသပ်ကြည့်သင့်သည်။ မြန်မာနိုင်ငံသည် ပြည်သူများလိုလားသည့် ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းလျက်ရှိသည်။ ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းသည့်အခါ ပြည်သူလူထုတစ်ရပ်လုံးသည် ဒီမိုကရေစီအနှစ်သာရများနှင့် ဒီမိုကရေစီယဉ်ကျေးမှုတို့ကို မဖြစ်မနေခံစားနိုင်ရန် လိုအပ်သည်။ ဒီမိုကရေစီယဉ်ကျေးမှုဆိုသည်မှာ လူတစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့အလိုက်၏ လိုအင်ဆန္ဒများကို ပဋိပက္ခများ၊ အကြမ်းဖက်မှုများမှ ရှောင်ရှားပြီး ငြိမ်းချမ်းသည့်နည်းဖြင့် ဖော်ဆောင်ခြင်းဖြစ်**

နိုင်ငံများသည် မိမိနိုင်ငံ၏ ကာကွယ်ရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမျိုးရေး၊ စီးပွားရေးတွင် လွှမ်းမိုးမခံရစေရေးနှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးအတွက် အမျိုးသားရေးကို အလေးထားလာကြသည်။ အမျိုးသားရေးကို မည်သို့ပင်ဆိုစေကာမူ လက်တွေ့တွင် မိမိနိုင်ငံ၏ အကျိုးစီးပွားကိုသာ အလေးထားကြစမြဲဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နယ်ချဲ့စနစ်၏ ဆိုးမွေကြောင့် တိုင်းရင်းသားအချင်းချင်း သွေးကွဲခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခများ၊ မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သည်။ လက်ရှိကာလတွင် နိုင်ငံအတွင်း အမျိုးသားစိတ်ဓာတ် နိုးကြားထက်သန်စေရေးအတွက် အထူးလိုအပ်နေသည့် အရင်းခံအကြောင်းတရားကို အလေးအနက် သုံးသပ်ကြည့်သင့်သည်။ မြန်မာနိုင်ငံသည် ပြည်သူများလိုလားသည့် ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းလျက်ရှိသည်။ ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းသည့်အခါ ပြည်သူလူထုတစ်ရပ်လုံးသည် ဒီမိုကရေစီအနှစ်သာရများနှင့် ဒီမိုကရေစီယဉ်ကျေးမှုတို့ကို မဖြစ်မနေခံစားနိုင်ရန် လိုအပ်သည်။ ဒီမိုကရေစီယဉ်ကျေးမှု ဆိုသည်မှာ လူတစ်ဦးချင်း သို့မဟုတ် အစုအဖွဲ့အလိုက်၏ လိုအင်ဆန္ဒများကို ပဋိပက္ခများ၊ အကြမ်းဖက်မှုများမှ ရှောင်ရှားပြီး ငြိမ်းချမ်းသည့်နည်းဖြင့် ဖော်ဆောင်ခြင်းဖြစ်သည်။

## သမိုင်းပေးတာဝန်

သို့သော်ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရ ဒုတိယအကြိမ်သက်တမ်းတွင် မြန်မာ့သမိုင်း၌ သင်ခန်းစာယူစရာ ဖြစ်ခဲ့ရသလို တိုင်းတစ်ပါးသားများအပေါ် အထင်ကြီးကိုးစားမှု လွန်ကဲသောကြောင့် တိုင်းပြည်ဘဏ္ဍာများ ဆုံးရှုံးခဲ့ရသည်။ မဖြစ်မနေ ထိန်းသိမ်းစောင့်ရှောက်ရမည့် ပြည်တွင်းရေး လျှို့ဝှက်ချက်များ အလွယ်တကူ ပေါက်ကြားခဲ့သည်။ နိုင်ငံတော် တာဝန်အရပ်ရပ်ကို ထမ်းဆောင်ခွင့်ရကြသည့် အာဏာပိုင်များကအစ ဒီမိုကရေစီကျင့်စဉ်ကို လွဲမှားစွာကျင့်သုံးခဲ့ကြသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အလွန်အကျည်းတန် အရုပ်ဆိုးသည့် မဲမသမာမှုလုပ်ရပ်များသည် မြန်မာ့သမိုင်းတွင် အမည်းစက်အဖြစ် ကျန်ရစ်ခဲ့သည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ရေရှည်အကျိုးကိုမြော်တွေးပြီး နိုင်ငံတော်အပေါ် ကျရောက်လာမည့် ဘေးအန္တရာယ် အသွယ်သွယ်ကို ကာကွယ်နိုင်ရန် သမိုင်းပေးတာဝန်အဖြစ် နိုင်ငံ့တာဝန် ယူခဲ့ရသည်။

၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်တွင် NLD ပါတီဝင်တချို့နှင့် လူပုဂ္ဂိုလ်တချို့သည် ပြည်ပအထောက်အပံ့များနှင့် အကြမ်းဖက်အဖွဲ့ဖွဲ့စည်းပြီး နိုင်ငံတော်ကို ဆန့်ကျင်ပုန်ကန်ခဲ့သည်။ ထိုအချိန်တွင် တချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသည် NCA တွင် လက်မှတ်ရေးထိုးထားသည့် ကတိကဝတ်များကို ဖောက်ဖျက်ပြီး NUG ၊ CRPH အကြမ်းဖက်အဖွဲ့တို့ကို တစ်ဖက်လှည့်နှင့် ထောက်ခံအားပေးခဲ့သည်။ NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များကိုလည်း ထောက်ပံ့မှုမျိုးစုံပြုလုပ်ပြီး အားပေးအားမြှောက်ပြုလုပ်ခဲ့ကြသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတစ်ဝန်းတွင် တည်ငြိမ်အေးချမ်းမှု အားနည်းခဲ့သည်။ အကြမ်းဖက်သမားများ၏ ပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ပြည်သူလူထုမှာ အကြောက်တရားများနှင့် ကျီးလန့်စာစားနေရသည့်ဘဝကို ရောက်ရှိခဲ့ကြသည်။ အကြမ်းဖက်သမားများ၏ တော်လှန်ရေးသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပျက်စီးခြင်းကိုသာ ဖြစ်စေခဲ့သည်။

## နိုင်ငံမထိခိုက်အောင်ကာကွယ်

တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့တချို့သည် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ထောက်ပံ့အားပေးပြီး အကြမ်းဖက်လမ်းကြောင်းပေါ်ကို တင်ပေးခဲ့သည့်အပြင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ၌စခဲ့သည့် MNDAA ၊ TNLA နှင့် AA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ လုပ်ရပ်များကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို ကြီးစွာထိခိုက်စေခဲ့သည်။ ယင်းမတိုင်မီကလည်း KNPP ၊ KNDF ၊ PNLO ၊ KIA နှင့် KNU လက်နက်ကိုင်သောင်းကျန်းသူများသည် နယ်မြေဒေသအသီးသီးတွင် အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်။ အကျိုးဆက်အနေဖြင့် အပြစ်မဲ့တိုင်းရင်းသား ပြည်သူများ ဆင်းရဲဒုက္ခရောက်ကြသည်။ ယင်းကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်သည် နိုင်ငံတော်၏ အကျိုးစီးပွား မထိခိုက်အောင် သက်စွန့်ကြိုးပမ်း ကာကွယ်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရသည်။

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေး စွမ်းအားများ အားကောင်းရန်လိုသည်။ နိုင်ငံရေးအရ အားကောင်းပြီး စီးပွားရေးနှင့်ကာကွယ်ရေးအပိုင်းတွင် အားနည်းပါက တိုင်းပြည်ပျက်စီးခြင်းသို့ ကျရောက်သွားနိုင်သည်။ နိုင်ငံရေးအရ အားကောင်းစေရေးအတွက် တိုင်းပြည်ကို ဦးဆောင်ဦးရွက်ပြုကြသူများက စနစ်တကျ မှန်ကန်စွာ ဦးဆောင်ပေးကြရသလို နိုင်ငံသားအားလုံးကလည်း မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရေး၊ မိမိနိုင်ငံအကျိုးအတွက် စည်းလုံးညီညွတ်ရေး အထူးလိုအပ်သည်။ နိုင်ငံကာကွယ်ရေးနှင့်စည်းလုံးညီညွတ်ရေးသည် နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ နိုင်ငံရေးအခြေအနေများအရ နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်ရန်အတွက် အထူးနှလုံးသွင်းပြီး ကျရာကဏ္ဍမှ ဆောင်ရွက်ကြရမည် ဖြစ်သည်။

## အမျိုးသားအကျိုးစီးပွား

မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများ၊ အင်အားငယ်သည့် နိုင်ငံများအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုများ၊ နိုင်ငံအချင်းချင်း ပိုင်နက်နယ်မြေအငြင်းပွားမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ပြည်တွင်းရေး မငြိမ်မသက်မှုများ ကမ္ဘာ့နိုင်ငံအချို့တွင် ဖြစ်ပွားနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အဆိုပါပြဿနာများနှင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် အချို့ဒေသများတွင် ပြည်တွင်းပဋိပက္ခကို ဒေသတွင်းပဋိပက္ခအခြေအနေများအထိ ဖြစ်ပေါ်လာအောင် ဖန်တီးနေသည်ကို တွေ့မြင်နေရသည်။ ကမ္ဘာ့နိုင်ငံအများစုသည် နိုင်ငံအလိုက် အင်အားစုရရှိရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းပြီး နိုင်ငံရေး၊စီးပွားရေး၊ကာကွယ်ရေးစသည့် ကဏ္ဍစုံတွင် အဖွဲ့အစည်းအလိုက် ပူးပေါင်း ဆောင်ရွက်နေကြသည်ကို သတိပြုမိကြရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အကျိုးစီးပွားအပေါ်တွင်သာ ခိုင်ခိုင်မာမာရပ်တည်ပြီး ဦးစားပေး လုပ်ဆောင်နေကြသည်ကို သတိပြုမိရန် လိုမည်ဖြစ်သည်။ ယင်းသည် အမျိုးသားအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်နေကြခြင်းဖြစ်သည်။ နိုင်ငံအလိုက် အမျိုးသားရေးကို ရှေ့တန်းတင် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ လတ်တလောဖြစ်ပွားခဲ့သည့် အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ၏ ပြည်တွင်းရေးပဋိပက္ခများကို လေ့လာကြည့်မည်ဆိုလျှင် နောက်ကွယ်မှ မည်သည့်နိုင်ငံများ မည်သို့မည်ပုံ ပါဝင်ပတ်သက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ တစ်ကျော့ပြန် ခေတ်သစ်ကိုလိုနီနယ်ချဲ့များက ဖန်တီးနေသည့် အခြေအနေများကို မြန်မာနိုင်ငံတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများက သိရှိထားရန်လိုအပ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်လိုစိတ် မွေးမြူထားရမည်ဖြစ်သည်။

## ပြည်ပမှ မြှောက်ပင့်ပံ့ပိုးပေး

ကမ္ဘာ့အင်အားကြီး နိုင်ငံများအနေဖြင့် နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးအောင်ဆောင်ရွက်ရာတွင် နိုင်ငံတိုးတက်ရေးတွင် အဓိကကျသည့် စည်းလုံးညီညွတ်မှု ပျက်ပြားစေရန်နှင့် စီးပွားရေးတွင် ထိန်းချုပ်နိုင်အောင် ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်တွင်းတွင် ပဋိပက္ခမျိုးစုံ၊ အကျပ်အတည်းမျိုးစုံဖြစ်ပေါ်လာအောင် ဖန်တီးပြီး စီးပွားရေးထိခိုက်အောင်၊ လိုသလိုခြယ်လှယ်နိုင်အောင် ဖန်တီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အဆိုပါအခြေအနေမျိုး ဖြစ်ပေါ်လာအောင် ကြိုတင်စီမံဖန်တီးခဲ့ကြသည်ကို ထဲထဲဝင်ဝင်လေ့လာလျှင် သိနိုင်သည်။ မလိုလားအပ်သည့် ပဋိပက္ခများကြောင့် နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများ ဖြစ်ခဲ့ရသည်။ အပြစ်မဲ့ပြည်သူများ၊ ကလေးသူငယ်များနှင့် ရဟန်းသံဃာတော်များ ပါမကျန် ထိခိုက်သေဆုံးခဲ့ကြသည်။ တိုင်းပြည်အတွက် နစ်နာဆုံးရှုံးမှုကြီးဖြစ်သည်။ ကိုယ့်နိုင်ငံကို သစ္စာမဲ့၊ အသိဉာဏ်အားနည်းသည့် မိမိနိုင်ငံသားများက ပြည်ပမှ မြှောက်ပင့်ပံ့ပိုးမှုများနှင့် ဖျက်ဆီးနေကြသည်။

ပြည်ပ ပယောဂများ လွှမ်းမိုးနေသည့် အကြမ်းဖက်တိုက်ခိုက်မှုများ လျော့ပါးပျောက်ပျက်သွားမှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး သာယာဝပြောလာမည်ဖြစ်သည်။ ပြည်သူအားလုံးသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်ကာကွယ်ရေး၊ လုံခြုံရေးအတွက် ကိုယ်စီကိုယ်စီ တာဝန်ရှိကြသည်။ ယင်းသည် အမျိုးသားရေးတာဝန်၊ အမျိုးသားရေး စိတ်ဓာတ်ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး ၁၉၂၀ ပြည့်နှစ် အမျိုးသားနေ့တွင် သန္ဓေတည်ခဲ့သည့် တစ်တိုင်းပြည်လုံး ပါဝင်လှုပ်ရှားခဲ့သော အမျိုးသားအောင်ပွဲစိတ်ဓာတ်မျိုးကဲ့သို့ မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်နိုးကြားလာအောင် တိုင်းရင်းသားပြည်သူအားလုံး သန္နိဋ္ဌာန်ပြုကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

❖ **နိုင်ငံကာကွယ်ရေးနှင့် စည်းလုံးညီညွတ်ရေးသည် နိုင်ငံသားတိုင်း မဖြစ်မနေ ထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ နိုင်ငံရေးအခြေအနေများအရ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် အထူးနှလုံးသွင်းပြီး ကျရာကဏ္ဍမှ ဆောင်ရွက်ကြရမည်**

❖ **ပြည်သူအားလုံးသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်ကာကွယ်ရေး၊ လုံခြုံရေးအတွက် ကိုယ်စီ ကိုယ်စီ တာဝန်ရှိကြသည်။ ယင်းသည် အမျိုးသားရေးတာဝန်၊ အမျိုးသားရေး စိတ်ဓာတ်ဖြစ်**

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် Naypyitaw State Polytechnic University ကို စတင်ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန အနေဖြင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် Naypyitaw State Polytechnic University ကို စတင်ဖွင့်လှစ်မည်ဖြစ်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့သည် ယနေ့ နံနက်ပိုင်းတွင် Polytechnic University ဖွင့်လှစ်နိုင်ရေး သင်ထောက်ကူပစ္စည်းများ စီစဉ်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စု ဝန်ကြီးများသည် Naypyitaw State Polytechnic University ရှိ Theatre ခန်းများ၊ စာသင်ခန်းများ၊ ICT နည်းပညာများကို အသုံးပြု၍ LMS စနစ်ဖြင့် သင်ကြားသင်ယူမှု ဆောင်ရွက်နိုင်မည့် အခြေအနေ၊ အလုပ်ရုံနှင့် ဘာသာရပ်ဌာနအလိုက် သင်ထောက်ကူပစ္စည်းများစီစဉ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့စတင်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်း ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

**စိတ်ကြိုက်လေ့လာကြည့်ရှု**

ဦးစွာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများနှင့် ကျောက်မျက်အတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။



ပြည်တွင်း ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက်၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။



အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများ။

ရတနာပြပွဲတွင်ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် အုပ်စု(အေ၊ ဘီ၊ စီ) သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ကို ပြည်တွင်း ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ပုလဲအတွဲများကို နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်လည်းကောင်း၊ ကျောက်မျက်အတွဲများကို နိုဝင်ဘာ ၂၁ရက်တွင်လည်းကောင်း၊ အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုပြပွဲတွင် ပုလဲအတွဲနှင့် ကျောက်မျက်အတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေ အမျိုးအစားဖြင့်လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

အုပ်စု(အေ)နှင့် အုပ်စု(ဘီ)တို့မှ ကျောက်စိမ်းအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားရှိပြီး ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအားလုံး ဝယ်ယူခွင့်ရှိကာ အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အုပ်စု (အေ)အတွက် နိုင်ငံခြားငွေနှင့် အုပ်စု (ဘီ) အတွက် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများသည် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချခြင်းဖြစ်သည့်အတွက် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကြမ်းခင်းဈေးကို ကျပ်ငွေဖြင့်သတ်မှတ်ထားရှိကာ ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

**ဝယ်ယူသူများစည်ကား**

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍနှင့် မြန်မာ့ပုလဲရတနာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပြီး ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ ဓာတ်ပုံ - ကိုကိုထိန်**



ပြည်တွင်း ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက်၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လေ့လာကြည့်ရှုစဉ်။



ပြည်တွင်း ပြည်ပရတနာကုန်သည်များ မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို လေ့လာကြည့်ရှုစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။




### ညအပူချိန် လျော့နည်းခဲ့သော စခန်းများ၏ ၁၈-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| တီးတိန်မြို့ | ၆.၈ | ၄၄.၂ |
| ပြင်ဦးလွင်မြို့ | ၁၀.၅ | ၅၀.၉ |
| မြစ်ကြီးနားမြို့ | ၁၁.၇ | ၅၃.၁ |
| မိုင်းယန်းမြို့ | ၁၂.၀ | ၅၃.၆ |

### ထူးခြားသည့်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ထူးခြားသည့်အခြေအနေမှာ ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "မန်ရီ" သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၁၉ရက် ညပိုင်းတွင် ဟိုင်နန်ကျွန်းအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုဆိုနေရာချထားမည့်အစီအစဉ် ကြိုတင်လေ့ကျင့်

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများပါဝင်သည့် အားကစားကွင်းအတွင်း ကြိုဆိုနေရာချထားမည့်အစီအစဉ် ကြိုတင်လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ယခုကျင်းပမည့် အားကစားပွဲတော်သည် နိုင်ငံတော်အဆင့် ကျင်းပသည့် အခမ်းအနားဖြစ်၍ လုံခြုံရေး ကျိုးပေါက်မှုမရှိစေရေးအတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ခံများအနေဖြင့် အထူးအလေးထားပြီး ပူးပေါင်းဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ပွဲတော်အတွင်း လုံခြုံရေးဆပ်ကော်မတီမှ ယူဆောင်ခွင့်ပြုသည့် ပစ္စည်းများကိုသာ ယူဆောင်ခွင့်ရှိကြောင်း၊ ထို့ပြင် မော်တော်ယာဉ်များ သတ်မှတ်လမ်းကြောင်းအတိုင်း အချိန်မီ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းသို့ ရောက်ရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဝင်များက ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား အမျိုးသားအားကစားပွဲတော် ကျင်းပသည့်အခါ ကွင်းအတွင်းသို့ ဝင်ရောက်ခွင့်ပြုသည့် သတ်မှတ်ဂိတ်များ၊ မော်တော်ယာဉ်ရပ်နားရမည့် သတ်မှတ်နေရာများ၊ ဇုန်အလိုက် ထိုင်ခုံနေရာချထားမှုများနှင့် လိုအပ်သည်များကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



### ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ဆည် တည်ဆောက်သည့် အကျိုးကျေးဇူးများ

ဖိုးဝ

**မြန်မာဟာ မြေအရင်းအမြစ်၊ ရေအရင်းအမြစ်ပေါတဲ့ နိုင်ငံတစ်ခုပါ။ ရှေးက ဘိုးတော် အနော်ရထာမင်းကြီး လက်ထက်ကစလို့ နိုင်ငံတည်ဆောက်ရေး တည်ငြိမ်အေးချမ်းရေးအဖို့ ရာမှာ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံရေး အလေးအနက်ထားလုပ်ခဲ့တာပါပဲ။ ငတ်ရင်၊ စားနပ်ရိက္ခာ မလုံလောက်ရင် ပြည်ပျက်မယ်။ ရိုးရိုးလေးပဲ။ ခေတ်အဆက်ဆက် စိုက်ပျိုးရေး၊ ဆည်ဆောက်ရေးကို အလေးထားလုပ်ခဲ့ကြတာကြောင့်လည်း မြန်မာဟာ သမိုင်းမှာ အငတ်ဘေး ဆိုက်ရောက်တဲ့ဖြစ်ရပ်မျိုး ကြီးကြီးမားမား မကြုံဖူးဘူး။**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေလှောင်တမံ။

အခုလက်ရှိ အခြေအနေအထိလည်း မြန်မာဟာ စားနပ်ရိက္ခာမှာ မိမိကိုယ်ကိုဖူလုံမှု အချိုး ၁၄၀ ရာခိုင်နှုန်း ရှိနေတယ်။ အဲဒါဘာကိုပြောတာလဲဆိုတော့ နိုင်ငံတစ်နိုင်ငံရဲ့ စားနပ်ရိက္ခာ မိမိကိုယ်ကိုဖူလုံမှု အချိုး Food self sufficiency ratio ဆိုတာက ဥပမာ တိုင်းပြည်တစ်ပြည်မှာ လူသန်း ၁၀၀ နေထိုင်တယ်။ အဲဒီတိုင်းပြည်တွင်းက တစ်နှစ်အတွင်း စိုက်ပျိုးထုတ်လုပ်လို့ရတဲ့စားနပ်ရိက္ခာ ထုတ်ကုန်ဟာ သူ့လူသန်း ၁၀၀ ကို တစ်နှစ်အတွင်း ဝအောင်ကျွေးနိုင်ရင် မိမိကိုယ်ကို ဖူလုံမှုအချိုး ၁၀၀ ရာခိုင်နှုန်းရှိတယ် ခေါ်တယ်။ နည်းရင် ရာခိုင်နှုန်းလျော့မယ် များရင် ရာခိုင်နှုန်းတိုးမယ်။ မြန်မာကအဲဒီအချိုး ၁၄၀ ရာခိုင်နှုန်းရှိတယ်ဆိုတာက လက်ရှိမြန်မာ့ လူဦးရေ ၅၅ သန်းရှိရာမှာ နှစ်စဉ်ပြည်တွင်းက စိုက်ပျိုးထုတ်ကုန်က လူ ၇၇ သန်း ကျွေးလောက်အောင် ထွက်နေသေးတယ်ဆိုတဲ့သဘော။ ဒါ့ကြောင့်လည်း အခုခေတ် မြန်မာပြည်ကနေ အခြားနိုင်ငံတွေကို ဆန်၊ ပဲ တင်ပို့နေနိုင်သေးတယ်။ ဒါကလည်း အမြော်အမြင်၊ လုံ့လ၊ ပညာတွေနဲ့ လုပ်ခဲ့ကြလို့ပါ။

လက်ရှိမှာ မြန်မာ့စိုက်ပျိုးမြေဧက ၃၃ သန်းရှိတယ်။ မြန်မာ့မြစ်ချောင်းတွေပေါ်မှာ တမံကြီးပေါင်း ၂၄၆ ခု တည်ဆောက်ထားပြီး စိုက်ဧက ၃၃ သန်းအနက် ဆည်မြောင်း နည်းပညာတွေဖြစ်တဲ့ တမံပိတ်တာအပြင် ရေလွှဲဆည်ဆောက်၊ ချောင်းပိတ်မြောင်းပိတ်စတဲ့ ရေရရှိရေးနည်းလမ်းပေါင်းစုံနဲ့ ရေပေးတာ စုစုပေါင်း စိုက်ဧကရဲ့ ၁၉ ရာခိုင်နှုန်းရှိတယ်။

အခုလက်ရှိမြန်မာက စားနပ်ရိက္ခာတော့ဟုတ်ပါပြီ။ လူတွေတိုးလာရင် ဘယ်လိုလုပ်မလဲ မေးစရာပါ။ ၁၉၈၈ ခုနှစ်ထက် ကနေ့လူဦးရေ ၂၂ သန်း တိုးခဲ့ပါပြီ။ ၃၆ နှစ်တာ ကာလအတွင်း တိုးခဲ့တာပါ။ တိုင်းပြည်အငယ် တစ်ပြည်စာလောက်ပေါ့။ နောက်အနှစ် ၄၀ စာလောက်အတွက် လှမ်းမျှော်ကြည့်ပြီး တစ်ဧကအပေါ်က အထွက်တိုးဖို့၊ စိုက်ဧကချဲ့ဖို့၊ အဲဒီအတွက်ဆည်တွေ ထပ်ဆောက်ဖို့ လိုလာမှာပါ။ တိုင်းပြည်တစ်ပြည်အတွက် အနှစ် ၄၀ ဆိုတာ ခဏလေးပါ။ မြန်မာ့နာမည်ကြီး ဘောဂဗေဒပညာရှင်ကြီးတွေ အဆိုအရ မြန်မာ့မိသားစုစီးပွားရေး (family busi-nesses) ဟာ စိုက်ပျိုးထုတ်ကုန်ထုတ်ရောင်း၊ ရေအားလျှပ်စစ်ထုတ်ရောင်း၊ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းလုပ်၊ ဆိပ်ကမ်းမြို့ကြီးတွေဆောက်၊ တရုတ်နဲ့အိန္ဒိယကြား ကုန်သွယ်ခွန်ကောက်စားဒါလုပ်ရမှာပါ။ (ထိုင်းက ကမ္ဘာလှည့်ခရီးသွား စိုက်ပျိုးရေး၊ ဂျပန်က လျှပ်စစ်ပစ္စည်းထုတ်ကား ထုတ်တာမျိုးနဲ့ အထာဆင်တူ)။ မြန်မာတွေ ဆိုင်ကယ်၊ ကား၊ တီဗွီ၊ ဖုန်း၊ လေယာဉ်ပျံလုပ်ဖို့ ဘေးနိုင်ငံတွေကို မမီနိုင်တော့ပါ။

## ဆည်အပါအဝင် အခြေခံ အဆောက်အဦတွေ ခင်းထားဖို့လို

မြန်မာတွေလုပ်ရမယ့် မြန်မာ့မိသားစုလုပ်ငန်းတွေအတွက်လည်း ဆည်အပါအဝင် အခြေခံအဆောက်အဦတွေ ခင်းထားဖို့လိုတယ်။ မော်လမြိုင်ကို ဘန်ကောက်လို အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမြို့ကြီး လုပ်မယ်ဆိုပါစို့။ အခြေခံ ရေဖောဖောသုံးဖို့ ဆည်တွေ၊ ကန်တွေ အရင်ဝိုင်းထားရမှာပေါ့။ တရုတ်နဲ့ အိန္ဒိယ ကုန်သွယ်လမ်း မြန်မာကို ဖြတ်ဖောက်မယ်။ အဲဒီလမ်းကြီး တစ်လျှောက် ကုန်လှောင်ရုံတွေ အခွန်ကောက်စခန်းတွေ အပန်းဖြေဖျော်ဖြေရေးစခန်းတွေ အရေးပေါ်ဆေးရုံဆေးခန်းတွေကို ရေပေးဝေရေး ဆည်ကန်တွေ ကြိုဆောက်ထားမှရမှာပေါ့။ ဒါမျိုးတွေက လိုလာမှ လုပ်လို့မရဘူး။ ဥပမာ မနှစ်ကထိုင်းကို ကမ္ဘာလှည့်ခရီးသွား ၃၆ သန်းလာလည်တယ်။ မြန်မာ့လူဦးရေ ၅၅ သန်းရဲ့ တစ်ဝက်ကျော် အရေအတွက်ပါ။ အခုနောက်ပိုင်းနှစ်တွေမှာ ထိုင်းကို ပုံမှန် အဲဒီလို ဧည့်လာနေတာပါ။ ဧည့်သည်ကျမှ ဟိုတယ်တွေ ထဆောက်၊ ခရီးသွားတွေ သွားချင်တဲ့နေရာတွေကို လမ်းတွေ ထဖောက်တာမဟုတ်ပါ။ ကိုယ်က ဘာနဲ့လုပ်စားမယ်၊ ဘယ်လမ်းလျှောက်မယ်၊ ဘယ်ကိုသွားမယ် ရောက်မယ်ဆိုတာအတွက် တွက်ချက်ကြိုလုပ်ပြုထားရတယ်။

ဘေးက ထိုင်းမှာ ဆည်ပေါင်း ၆၈၂ ခုရှိပြီး ခုခေတ်စိုက်ပျိုးရေးမှာ တစ်ဟုန်ထိုးတက်လာတဲ့ ဗီယက်နမ်မှာ ဆည်ပေါင်း ၇၀၀၀ လောက်ရှိပါတယ်။ ကမ္ဘာမှာ ဆည်အများဆုံး အမေရိက ၉၁၈၄၀၊ တရုတ် ၈၇၀၀၀ ပြီးရင် ဗီယက်နမ်က တတိယဆည်အများဆုံးပါ။ အမေရိကနဲ့ တရုတ်ဟာ မြန်မာ့အကျယ်အဝန်းထက် ၁၅ ဆ ပိုကြီးပြီး ထိုင်းက မြန်မာထက် ယောင်ယောင်သေးတယ်။ ဗီယက်နမ်က မြန်မာ့အကျယ်အဝန်းရဲ့ တစ်ဝက်ပဲရှိတယ်။ ဒါပေမယ့် သူတို့ ဘာ့ကြောင့် ဆည်တွေတွန်းဆောက်ခဲ့ကြတာလည်း။ လေ့လာကြည့်ကြရအောင်ပါ။ အနီးစပ်ဆုံး ထိုင်းရယ်၊ ဗီယက်နမ်ရယ်နဲ့ နှိုင်းကြည့်ကြမယ်။ ကမ္ဘာမှာ အခြေခံအဆောက်အဦ အပြည့်စုံဆုံး အမေရိကတို့၊ တရုတ်တို့က ကိုယ်နဲ့ဝေးတယ်။ ဘေးကထိုင်းတို့၊ ဗီယက်နမ်တို့နဲ့ အဓိကနှိုင်းကြည့်မယ်။

## လူတစ်ကိုယ်စာရေအသုံး

လူတစ်ယောက် မနက်မျက်နှာသစ်အိမ်သာတက်တာကနေစလို့ ညအိပ်ရာဝင်သွားတိုက်တဲ့အထိ နေ့စဉ်ရေဂါလန် ၈၀ အနည်းဆုံး လိုအပ်တယ်။ ထိုင်းနဲ့ ဗီယက်နမ်မှာ ရေအရင်းအမြစ် မြန်မာနိုင်ငံလောက်မရှိပေမယ့် ဆည်တွေပိုများ၊ လျှပ်စစ်ပိုသုံးနိုင်၊ ပိုချမ်းသာတော့ လူတစ်ကိုယ်စာ နေ့စဉ် ရေအသုံး တစ်ပြည်လုံးဖူလုံအောင် ပေးနိုင်တယ်။ လျှပ်စစ်ဟာအရာရာပဲ။ အခြားရေအရင်းမြစ်မရှိရင် ဘေးကချောင်း၊ မြစ်ဆီကနေ ရေစုပ်တင်ကန်နဲ့လှောင်ပြီး သူတို့ဆီမှာ မြို့ရွာတွေကို ရေပေးနိုင်တယ်။ ဒါကလည်း ဆည်မြောင်းလုပ်ငန်း အနွယ်ထဲကတစ်ခုပဲ။

## ဧရာဝတီမြစ်ဘေးတင်နေပြီး စိုက်ဖို့၊ ပျိုးဖို့၊ သုံးဖို့ ရေရှားခဲ့ကြသူတွေ

မြန်မာပြည်မှာ ဧရာဝတီမြစ်ဘေးက မြို့အချို့ နွေရာသီဆို ရေပြတ်တယ်။ မြစ်ချောင်းတွေဆီ ရေသွားသယ်ယူ၊ ရေချိုးကြရရှာတယ်။ မြန်မာပြည်အထက်ပိုင်း ကန့်ဘလူကနေ မြန်မာ့အညာက ချောက်မြို့အထိ ဧရာဝတီမြစ်ဘေးတစ်လျှောက် မြို့ရွာတွေ၊ နယ်တွေကို ပညာရှင်တွေက အပူပိုင်းဇုန်လို့ သတ်မှတ်တယ်။ အဲဒီဇုန်အတွင်း လူဦးရေ သန်း ၂၀ နေတယ်။ စိုက်ရေ၊ ပျိုးရေ သောက်သုံးရေရှားပါးခဲ့တယ်။ ဧရာဝတီမြစ်ဘေးတင်နေပြီး စိုက်ဖို့၊ ပျိုးဖို့၊ သုံးဖို့ ရေရှားခဲ့ကြသူတွေပါ။ အပူပိုင်းဇုန်ရဲ့ ရောဂါပေါင်းစုံနဲ့ လူမှုစီးပွားဘဝ နိမ့်ကျမှု ခံစားခဲ့ကြရရှာသူတွေပေါ့။

၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ ဆည်ဆောက်တာအပါအဝင် ဖွံ့ဖြိုးရေးတွေ လုပ်ပေးခဲ့ပေမယ့် အဲဒီအပူပိုင်းဇုန်က လူ သန်း ၂၀ အတွက် အခြေခံအကျဆုံး လျှပ်စစ်နဲ့ စိုက်ပျိုးရေ၊ သောက်သုံးရေ လုပ်ပေးဖို့ အများကြီးလိုသေးတယ်။ အခုလက်ရှိ လုပ်ပေးထားတာနဲ့ မလုံလောက်သေးဘူး ။ အဲဒီမှာ လျှပ်စစ် စိုက်ပျိုးရေ သောက်သုံးရေအတွက် ဈေးအပေါဆုံး အဖြစ်နိုင်ဆုံး လုပ်နိုင်တာက ဆည်၊ ကန်ဆောက်ပေးတာပဲ။ အဲဒီ လူ သန်း ၂၀ အတွက် တစ်အိမ်ချင်းရေတွင်း လိုက်တူးပေးဖို့ခက်တယ်။ မြန်မာပြည်အချို့ အရပ်တွေမှာ မသန့်စင်တဲ့ တွေ့ကရာ အိုင်ထဲကရေကို သောက်သုံးရေလုပ်နေရသူတွေ ရှိသေးတယ်။ အပူပိုင်းဇုန်အပြင်ဘက်က လူတွေမှာလည်း ရေကဖူလုံ လှချည်ရဲ့ မဟုတ်သေးဘူး။ ဥပမာ ဂျပန်မှာ တစ်ပြည်လုံး လမ်းဘေးက ဘယ်ရေခေါင်းဖွင့်ဖွင့် ကျလာတဲ့ရေက ph 7 ရေသန့်ပဲ။ ရေဖူလုံတာအပြင် အရည်အသွေးပါကောင်းတယ်။

ဟုတ်ပြီ။ ဆည်ဆောက်တာ၊ ကန်တူးတာ ကိုက်ရောကိုက်ရဲ့လားမေးကြမယ်။ ဖိုးဝ ဂျပန်ရောက်ခဲ့တဲ့ ၂၀၁၀ မှာ ဂျပန်မှာ နေ့စားတစ်ယောက်လုပ်အားခဟာ (တစ်ပြည်လုံး ဘယ်နေရာဖြစ်ဖြစ်) တစ်ရက်လုပ်ခ မြန်မာငွေနဲ့ကျပ် နှစ်သိန်းရှိတယ်။ ကျောက်သယ်တဲ့သူဖြစ်ဖြစ်၊ မြေတူးတဲ့လူဖြစ်ဖြစ်၊ အမှိုက်လှည်းတဲ့လူဖြစ်ဖြစ်၊ စားပွဲထိုးတဲ့လူဖြစ်ဖြစ် အဲ့ဒီနှုန်းအတိုင်း ရတယ်။ အဲဒီအချိန်မှာ မြန်မာပြည်မှာ နေ့စားခ လူတစ်ယောက် တစ်ရက် ၈၀၀ ကျပ်ရှိတယ်။ ဂျပန်ဟာ မြေရှားလို့ သူ့ဆည်တွေကို ကျောက်တွေ ကွန်ကရစ်တွေနဲ့ ဆောက်တယ်။ မြန်မာက မြေသိပ်ပေါတယ်။ ဆည်တစ်လုံးချင်းတူရင် မြန်မာမှာ ဆည်တစ်လုံးဆောက်တာဟာ ဂျပန်မှာ တစ်လုံးဆောက်တာထက် အဆပေါင်းများစွာ သက်သာတယ်။ ပြန်ရတဲ့အမြတ်က ဒေသစိုက်ရေ၊ သုံးရေဖူလုံတာ၊ စားနပ်ရိက္ခာထွက်တာ၊ ဝင်ငွေရတာ၊ လူမှုစီးပွားဘဝတိုးတက်တာ ပြောမကုန်ဘူး။

ဂျပန်တွေက မြို့ရွာတွေရေပေးဖို့ စိုက်ခင်းတွေကိုရေပေးဖို့ farm pond "လယ်တောကန်" ဆိုတဲ့ ကွန်ကရစ်ကန်ကြီးတွေကိုလည်း သုံးတယ်။ မြစ်ထဲကရေကိုလျှပ်စစ်နဲ့ အိမ်လောက်ရှိတဲ့ ကွန်ကရစ်ကန်ကြီးတွေဆီ စုပ်တင်၊ အဲဒီကနေ ပိုက်နဲ့ စိုက်ခင်း မြို့ရွာတွေဆီရေပေး။ ဒီလို။ အဲလိုလုပ်ဖို့မြန်မာမှာ လျှပ်စစ်မရှိ။ ဆည်ဆောက်ဖို့ လိုလာပြန်ရော။ နယူးကလီးယားတို့၊ ကျောက်မီးသွေး လျှပ်စစ်စက်ရုံတို့က မြန်မာအတွက် ဝေးနေဆဲ။ ဆည်နဲ့လျှပ်စစ်ထုတ်တာက လောပိတ၊ ဆည်တော်ကြီး၊ ပေါင်းလောင်း ၊ မုန်း၊ ရဲရွာ စသည်ဖြင့် လမ်းကဖုံနေပြီ။ လောက်အောင်သာ မထုတ်နိုင်သေးလို့ စီမံကိန်းသစ်တွေ ဖော်ဆောင်နေရတာ။ *စာမျက်နှာ ၁၁ သို့*

**" မြန်မာတွေလုပ်ရမယ့် မြန်မာ့မိသားစုလုပ်ငန်းတွေအတွက်လည်း ဆည်အပါအဝင် အခြေခံအဆောက်အဦတွေ ခင်းထားဖို့လိုတယ်။ မော်လမြိုင်ကို ဘန်ကောက်လို အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမြို့ကြီး လုပ်မယ်ဆိုပါစို့။ အခြေခံရေဖောဖောသုံးဖို့ ဆည်တွေ၊ ကန်တွေ အရင်ဝိုင်းထားရမှာပေါ့။ တရုတ်နဲ့ အိန္ဒိယ ကုန်သွယ်လမ်း မြန်မာကိုဖြတ်ဖောက်မယ်။ အဲဒီလမ်းကြီးတစ်လျှောက် ကုန်လှောင်ရုံတွေ၊ အခွန်ကောက်စခန်းတွေ၊ အပန်းဖြေဖျော်ဖြေရေးစခန်းတွေ၊ အရေးပေါ်ဆေးရုံ ဆေးခန်းတွေကို ရေပေးဝေရေး ဆည်ကန်တွေ ကြိုဆောက်ထားမှရမှာပေါ့။ ဒါမျိုးတွေက လိုလာမှလုပ်လို့မရဘူး။ ဥပမာ မနှစ်ကထိုင်းကို ကမ္ဘာလှည့်ခရီးသွား ၃၆ သန်းလာလည်တယ်။ မြန်မာ့လူဦးရေ ၅၅ သန်းရဲ့တစ်ဝက်ကျော်အရေအတွက်ပါ။ အခုနောက်ပိုင်းနှစ်တွေမှာ ထိုင်းကို ပုံမှန် အဲဒီလို ဧည့်လာနေတာပါ။ ဧည့်သည်ကျမှ ဟိုတယ်တွေ ထဆောက်၊ ခရီးသွားတွေ သွားချင်တဲ့နေရာတွေကို လမ်းတွေထဖောက်တာမဟုတ်ပါ။ ကိုယ်က ဘာနဲ့လုပ်စားမယ်၊ ဘယ်လမ်းလျှောက်မယ်၊ ဘယ်ကိုသွားမယ်ရောက်မယ်ဆိုတာအတွက် တွက်ချက်ကြိုလုပ်ပြုထားရတယ် "**

*စာမျက်နှာ ၁၀ မှ*

ဂျပန်မှာက Farm pond ကွန်ကရစ်ကန်တွေဆီ မြစ်ရေမရောက်မီ ကြားထဲမှာ ရေသန့်စင် စက်ရုံတွေလည်း ရှိသေးတာ။ ဂျပန်က စိုက်ပျိုးရေပေးတာအများစုက မြေကြီးထဲမြှုပ်ထားတဲ့ ပိုက်ကြီးတွေကနေရေပေးတယ်။ မြန်မာ့ကျေးရွာတွေအများစု ရွာထိပ်မှာ ရွာဦးမြေသားကန်ကြီးတွေ ရှိတတ်ကြတယ်။ မိုးရေခံချင်ခံမယ်၊ နီးရာချောင်းကနေ ရေလွှဲယူချင်ယူမယ်။ အဲဒီကန်ရေက သူတို့ သောက်သုံးရေ အရင်းအမြစ်ပဲ။ အဲဒီမယ် ရေယူပုံစနစ်မကျတာ၊ ရေသွင်းရေထုတ်ပုံစနစ်မကျတာ၊ ရေမသန့်နိုင်တာ၊ ရေက ကန်အောက်ကစိမ့်ထွက်ကန်ပေါ်က အငွေ့ပျံထွက်တာ စတဲ့ ဇာတ်လမ်းမျိုးစုံနဲ့ ရေရှည်ကြုံ လုံးထွေးနေကြရရှာတယ်။ ဆည်မြောင်းမှာ အဲဒီပြဿနာရှင်းနိုင်တဲ့ ပညာတွေရှိတယ်။ ဥပမာ ဖိုးဝဆို ဂျပန်သင်တန်းငါးလမှာ မြေသားကန်တွေ အထူးပြုလေ့လာခဲ့တယ်။ ကန်ရေကို အများဆုံးလေလွင့်စေတဲ့ ကန်ခြေကရေစိမ့်ထွက်မှုအတွက် ကန်ခြေတစ်ခုလုံးက မြေတစ်ပြင်လုံးကို ခြောက်ပေ အနက်တူးထုတ် မြေဖယောင်း သုံးပေ ဖြန့်ဖို့ကြိတ်၊ သူ့အပေါ်က မြေကောင်းတာသယ်ပြီး သုံးပေဖြန့်ဖို့ကြိတ်။ ဒီလို။ ကန်အခြေကရေစိမ့်ထွက်တာ **percolation** ကင်းရော။ နောက်...ကန်ရေသန့်စင်နည်း အမျိုးမျိုး။ ကားနဲ့ရထားနဲ့ ခရီးသွားရင် ရွာထိပ်တွေမှာ ကန်တွေတွေ့မှာပေ့ါ။ အချို့ကန့်ရေတွေ။ နီရဲလို့။ အချို့က စိမ်းနေတယ်။ ကန်မမြင်ရဘူး။ မှော်တွေ။ ဆည်မြောင်းက အဲ့ဒီပြဿနာတွေကိုလည်း ရှင်းပေးတယ်။

**“စိုက်ပျိုးရေ”**

မြန်မာမှာ လက်ရှိစိုက်ဧက ၃၃ သန်းရှိတယ်။ ထိုင်းက ဧက ၄၂ သန်းရှိတယ်။ စပါးအဓိကအပြင် သီးနှံအစုံစိုက်ကြတယ်။ မြန်မာ့စိုက်ဧကရဲ့၁၉ ရာခိုင်နှုန်းကို ရေသွင်းစိုက်ပျိုးနိုင်တယ်။ ထိုင်းက စိုက်ဧကရဲ့ ၂၈ ရာခိုင်နှုန်း စိုက်ဧက ၁၂ သန်းကို ဆည်ရေပေးဝေနိုင်တယ်။ ဆည်ရေ မသောက်ရတဲ့ စပါးခင်းက အထွက် မကောင်းပါ။ အခြားသီးနှံ ထို့အတူ။ စိုက်ပျိုးရေးကဏ္ဍဟာ မြန်မာ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကို အလုပ်ပေးထားပြီး ထိုင်းလူဦးရေရဲ့ ၃၉ ရာခိုင်နှုန်းကို အလုပ်ပေးထား တယ်။ မြန်မာကလူဦးရေ ၅၅ သန်းရှိပြီး ထိုင်းက လူဦးရေ ၇၁ သန်းရှိတယ်။ ဒီနားကနိုင်ငံတွေမှာ ဗမာက ပျမ်းမျှစပါး တစ်ဟက်တာ ၂ ဒသမ ၄၇ ဧက စိုက်ရင် ဆန် ၂ ဒသမ ၇ မက်ထရစ်တန် (မက်ထရစ် တစ်တန်ကို ၂၂၀၅ ပေါင်) ထိုင်းက ၂ ဒသမ ၈ မက်ထရစ်တန်၊ ကမ္ဘောဒီးယားက ၃ ဒသမ ၅ မက်ထရစ်တန်၊ ဖိလစ်ပိုင်က ၄ ဒသမ ၂ မက်ထရစ်တန် ထွက်တယ်။ စိတ်ကူးနဲ့ ဆန်ပေါင်ထုပ်ကလေးတွေ ထုပ်ကြည့်ပါ။ (ကမ္ဘာမှာက ဟက်တာတွေ တန်တွေ သုံးနှုန်းတယ်။ )

ထိုင်းမှာက မြန်မာလို ဧကကွက် မရှိတော့ဘူး။ ဟက်တာကွက်တွေချည်းပဲ။ ၂၀၂၃ မှာ ထိုင်းက ဆန်မက်ထရစ်တန် ၂၂ သန်း ထုတ်လုပ်တယ်။ မက်ထရစ်တန် ၇ ဒသမ ၇ သန်းကို (အမေရိက၊ တောင်အာဖရိက၊ ဟောင်ကောင်ကိုတင်ပို့တယ်။) ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံရတယ်။ (တစ်ဘီလီယံဆိုတာ ဒေါ်လာသန်း ၁၀၀၀ ပါ။) မြန်မာက၂၀၂၃ မှာ ဆန်တန်ချိန် ၁၂ သန်းထွက်တယ်။ တန်ချိန် ၂ ဒသမ ၃ သန်း နိုင်ငံခြားကို တင်ပို့တယ်။ ဒေါ်လာ ၈၅၄ သန်းရတယ်။ အဲ့ဒီနှစ်မှာပဲ စပါးအပါအဝင် သီးနှံပေါင်းစုံ ကမ္ဘာကိုတင်ပို့တာကနေ ထိုင်းတွေ အမေရိကန် ဒေါ်လာ ၁၅ ဘီလီယံ (တစ်ဘီလီယံ ဒေါ်လာသန်းတစ်ထောင်) ရတယ်။ မြန်မာက အမေရိကန်ဒေါ်လာ ၄ ဘီလီယံလောက် စပါးအပါအဝင် ကောက်ပဲသီးနှံ တင်ပို့တာကနေရတယ်။ မြန်မာနဲ့ထိုင်းမှာ ထိုင်းတွေဟာ မြန်မာထက် စိုက်ဧကပိုပြီး ရေရတဲ့ဧကလည်း ပိုတယ်။ နှစ်စဉ်ကောက်ပဲသီးနှံ တင်ပို့တဲ့ ငွေပမာဏမှာ ထိုင်းက မြန်မာထက် လေးဆနီးနီးသာနေတယ်။

ထိုင်းဟာ မြန်မာထက်ပိုကျဉ်းတယ်။ သူတို့ပြည်တွင်းဖူလုံတာအပြင် ထိုင်းတွေ နှစ်စဉ် စိုက်ပျိုးထုတ်ကုန်ကနေ မြန်မာထက် ပိုရနေတဲ့ (မြန်မာထက် ၁၁ ဘီလီယံပို) အမေရိကန်ဒေါ်လာ ဘီလီယံတွေဆိုတာ ဆေးရုံတွေ၊ လမ်းတွေ၊ ကျောင်းတွေ အများကြီးဆောက် လျှပ်စစ်တွေ အများကြီးထုတ်လို့ရတဲ့ ပမာဏပါ။ သူတို့ပိုမိုတင်ပို့နိုင်တဲ့ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းတစ်ထောင် ၁၁ ကြိမ်ကို မြန်မာငွေဖြစ်အောင် ကာလပေါက်ဈေးနဲ့မြှောက်ကြည့်ပါ။ မျက်လုံးပြူးသွားမယ်။ ဗီယက်နမ်က မနှစ်က ဒေါ်လာ ၆ ဘီလီယံဖိုးနီးပါး စိုက်ပျိုးသီးနှံ ထွက်ကုန်တင်ပို့တယ်။ မြန်မာ့အကျယ်အဝန်းရဲ့ တစ်ဝက်လောက်ပဲရှိတဲ့ ဗီယက်နမ်ဟာ မြန်မာထက်တော့ သာသေးတာပဲ။ မြန်မာက စိုက်ဧကတွေ ထပ်ဖော်ဖို့ ဆည်တွေထပ်ဆောက်ဖို့ လိုနေတယ်။ မဟုတ်ရင် ကိုယ့်မှာ မြေရေရှိလျက်နဲ့ အရှေ့တောင်အာရှမှာ အင်ဒိုပြီးရင် ဒုတိယမြေဧရိယာအကျယ်ဆုံး မြန်မာဟာ စိုက်ဧက ဆည်အရေအတွက် ရေပေးနိုင်မှု ရေသုံးနိုင်မှု တစ်ဧကအထွက်နဲ့စိုက်ပျိုးရေးကနေ ဝင်ငွေမှာပါ အာဆီယံညီအစ်ကိုတွေကြား အငယ်တွေအောက်ကဖြစ်နေမယ်။ အကျိုးဆက်အဖြစ် တောင်သူမျိုးဆက်သစ်တွေ ထိုင်း၊ မလေးရှားမှာ အလုပ်ကြမ်းသွားလုပ်နေကြရတာ ရပ်လို့ရမှာမဟုတ်ပါ။

**ကန်ထရိုက်လယ်ယာ**

၂၀၂၄ မှာ တရုတ်ဟာ အမေရိကကနေ ပဲပိစပ်တန်ချိန် ၁၃၂၀၀၀ အမှာစာ ပို့ထားတယ်။ တစ်တန်ကို ထွက်တဲ့နေရာတင် ၄၉၀ ဒေါ်လာနဲ့ စာချုပ်တယ်။ (တရုတ်နိုင်ငံကို သယ်ခ တရုတ်တွေ ကျခံမယ်။) အမေရိက အိုင်အိုးဝါးပြည်နယ်က တောင်သူတွေကစိုက်ပေးမယ်။ သူတို့ဆီမှာစိုက်ရင် ပဲပိစပ်တစ်တန် ထွက်ဖို့ အပြီးအစီးဒေါ်လာ ၂၈၀ ကျမယ်။ စိုက်နိုင်တာမို့ တရုတ်ကုန်သည်တွေနဲ့ အမေရိကန် အိုင်အိုးဝါးက စိုက်ပေးမယ့် တောင်သူအသင်း စာချုပ်တယ်။

အမေရိကန် တောင်သူတွေက အလုပ်ရပြီဆိုတာနဲ့ စာချုပ်ပြပြီး အမေရိကန် ဘဏ်တစ်ခုခုကနေ စိုက်စရိတ်ချေးယူတယ်။ စိုက်လို့ထွက်ပြီ၊ အမေရိကကနေ သယ်သွားတဲ့ပဲပိစပ်တန်ချိန် ၁၃၂၀၀၀ တရုတ်ပြည် ဆိပ်ကမ်းတစ်ခုခုကို ရောက်ပြီဆိုတာနဲ့ တရုတ်ကုန်သည်တွေက စာချုပ်ထားတဲ့ငွေပမာဏကို အမေရိကန်ဘဏ် (အမေရိကန်လယ်သမားတွေ ငွေချေးထားတဲ့ဘဏ်) ကို လှမ်းလွှဲပေးမယ်။ ဘဏ်က သူချေးပေးထားတဲ့ငွေရင်း ဘဏ်ကြေးတောင်သူတွေရဲ့ ရေဖိုးစတာတွေနုတ်ပြီး အမေရိကန် တောင်သူတွေကို တစ်ယောက်ချင်းအတွက် တန်အလိုက် အမြတ်ခွဲပေးလိုက်မယ်။ (ရေဖိုးကို ဆည်ရေပေးတဲ့ ကုမ္ပဏီကို ပေးလိုက်မယ်။) ဒါက ကန်ထရိုက်လယ်ယာပဲ။ ဒါမျိုးလုပ်ဖို့ ဟက်တာကွက်တွေ ဖြစ်ရမယ်။ (ဒါမှ စက်မှုလယ်ယာလုပ်ဖို့အဆင်ပြေမယ်။ စက်တွေ လှုပ်ရှားနိုင်မယ်။ အထွက်တိုးမယ်။ အချိန်နဲ့အချိန် ကုန်ထွက်ကုန်အပ်နိုင်မယ်။ )

ဆည်တွေလည်း ရှိရမယ်။ ဒါမှ ရေသေချာမယ်။ ဘဏ်စနစ်ကောင်းရမယ်။ ကမ္ဘာထွက် ဈေးကွက်ရှာနိုင်ရမယ်။ ဒီလိုလုပ်ဖို့လည်း ဆည်တွေလိုတာပဲ။ မြန်မာ့ခုလက်ရှိအနေအထားက အစိတ်စိတ်အမြွှာမြွှာ ဧကကွက်တွေ၊ ဆည်မပြည့်စုံတာတွေ၊ ဘဏ်စနစ် မကောင်းတာတွေ၊ ဈေးကွက်မရှာနိုင်တာတွေနဲ့ အဲဒီစခန်း မရောက်ပါ။ ဒါ့ကြောင့်လည်း ကိုယ့်ထက် အရွယ်သေးတဲ့ ဘေးက ထိုင်းရဲ့ လေးပုံတစ်ပုံလောက်ပဲ ကမ္ဘာကို ကောက်ပဲသီးနှံ တင်ပို့နိုင်တယ်။ တရုတ်က သမုဒ္ဒရာကြီးကျော်ပြီး အမေရိက ကနေ ပဲပိစပ်မဝယ်တော့ဘူး။ မြန်မာကနေဝယ်မယ်။ မြန်မာတွေ စိုက်ပေးဆိုရင် မြန်မာတွေမလုပ်နိုင်ပါ။

**လျှပ်စစ်**

ထိုင်းတွေဟာ နှစ်စဉ်တစ်ပြည်လုံး လျှပ်စစ်မဂ္ဂါဝပ် ၃၄၄၄၀ သုံးရာမှာ လျှပ်စစ်ထုတ်တဲ့ဆည် ၂၆ ခုကနေ မဂ္ဂါဝပ် ၇၀၀၀ ထုတ်တယ်။ ကျန်တာကို သူတို့က သဘာဝဓာတ်ငွေ့တို့ ကျောက်မီးသွေးတို့ကနေ ထုတ်တယ်။ မြန်မာဟာ လက်ရှိ နှစ်စဉ်လျှပ်စစ် ၃၁၈၉ မဂ္ဂါဝပ် သုံးနိုင်တယ်။ အဲ့ဒီလျှပ်စစ်ရဲ့ ၇၄ ရာခိုင်နှုန်းက ဆည်တွေကနေထုတ်တယ်။ တစ်ပြည်လုံးအမြဲလင်းဖို့အတွက် ၄၅၃၁ မဂ္ဂါဝပ်လိုတယ်။ အဲ့ဒီအတွက် မြန်မာမှာ ရေအားလျှပ်စစ်ထုတ်မယ့် ဆည်တွေ ဆက်ဆောက်နေကြတယ်။ (ထိုင်းဆည် ၂၆ လုံးကထုတ်တဲ့ လျှပ်စစ်ဟာ မြန်မာတစ်ပြည်လုံး မီးလင်းဖို့လိုအပ်တာထက် မဂ္ဂါဝပ် ၂၅၀၀ လောက် ပိုနေသေးတာတွေ့ရမယ်။) ထိုင်းတွေ မဂ္ဂါဝပ် သုံးသောင်းခွဲလောက်သုံးတယ်ဆိုတာ စက်မှုကုန်ထုတ်လုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေ ထွန်းကားလို့ပါ။ မြန်မာလည်း တိုးတက်လာရင် လိုလာမှာပေ့ါ။ လျှပ်စစ်မရှိရင်တော့ ဘာမှစလို့မရပါ။

လျှပ်စစ်မရှိ၊ ဟိုတယ်မပြည့်စုံရင် ကမ္ဘာလှည့်ခရီးသွားလည်း မလာပါ။ ပညာရှင်တွေ စူးစမ်းတိုင်းထွာထားချက်အရ မြန်မာ့မြစ်ချောင်းတွေကနေ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၇၀၀၀ ထုတ်လို့ရမယ် ခန့်မှန်းကြတယ်။ အခုလက်ရှိ ထိုင်းတွေသုံးနေတဲ့ လျှပ်စစ်ပမာဏ သာသာပေ့ါ။ ဗီယက်နမ်မှာ ဆည် ၇၀၀၀ ရှိတယ်လို့ စာရင်းပေါက်တယ်။ ဆောက်ပြီး၊ ဆောက်ဆဲ လျှပ်စစ်ထုတ်တဲ့ဆည်ပေါင်း ၁၁၀၀ ရှိတယ်။ ၃၇၈ ခုက လည်ပတ်နေပြီဖြစ်ပြီး လျှပ်စစ် ၂၂၆၃၉ မဂ္ဂါဝပ် ထုတ်လုပ်နေပြီဖြစ်ပါတယ်။

**ဆည်ဒုက္ခ**

အပေါ်မှာ ဆည်တွေ လိုအပ်ပုံအကျိုးပြောခဲ့တယ်။ အချို့က ဆည်ကြောင့် သစ်တော ပြုန်းတယ်၊ ရေကြီးတယ် ဒုက္ခတွေပြောကြတယ်။ မြန်မာ့ဆည် ၂၄၆ ခုရဲ့ရေဝပ်ဧရိယာဟာ မြန်မာပြည်အကျယ်ရဲ့ လွန်ရောကျွံရော ၁ ရာခိုင်နှုန်းပဲရှိတယ်။ မြန်မာပြည်အကျယ်က စတုရန်းမိုင် ၂၆၁၂၂၈ ရှိတယ်။ ဆည်တစ်ခုစီရဲ့ ရေဝပ်ဧရိယာက ၁၀ မိုင်ပတ်လည်ပဲထားပါ (တကယ်က အဲဒီလောက်မရှိပါ)။ ဆည် ရေဝပ်ဧရိယာက မြန်မာပြည်အကျယ်အဝန်းရဲ့ တစ်ရာပုံတစ်ပုံ နီးနီးပဲရှိတယ်။ မိုင်တစ်ရာပတ်လည်ရှိတိုင်း ဆည်ရေဝပ်ဧရိယာတစ်မိုင်ပတ်လည်နှုန်းပဲ ထားပါ။ ပမာဏ အမှုန်အမွှားလေးပါ။ ဆည်ဆောက်လို့ တောပြုန်းတယ်ဆိုကြတယ်။ ရေဝပ်ဧရိယာဟာ မြန်မာ့အကျယ်အဝန်းရဲ့ တစ်ရာပုံတစ်ပုံပဲရှိတယ်။ အချက်အလက်တွေအရ မူလမြန်မာပြည် တောဖုံးဧရိယာ ၁၉၅၀ ပြည့်နှစ်မှာ ဟာ မြန်မာနိုင်ငံ အကျယ်အဝန်းရဲ့ ၇၀ ရာခိုင်နှုန်း (မလေးရှားနဲ့ ကမ္ဘောဒီးယား နှစ်နိုင်ငံပေါင်း အကျယ်လောက်) ရှိခဲ့ပြီး ၂၀၁၄ မှာ မြန်မာ ပြည်အကျယ်အဝန်းရဲ့ ၄၈ ရာခိုင်နှုန်းပဲ တောဖုံးဧရိယာ ကျန်တော့တာ ဖြစ်ပါတယ်။

မြန်မာ့ဧရိယာအကျယ်ရဲ့ တစ်ရာပုံတစ်ပုံပဲ ဆည်ရေဝပ်ဧရိယာရှိတာ ဂရုပြုကြပါ။ ဆည်ဆိုတာ ရေတားရေထိန်း ရေလှောင်ပေးတာဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့အညီ အသစ်ဆောက်မယ့် ဆည်တွေရဲ့ဒီဇိုင်း၊ ဆည်ရေထိန်းပုံ ရေလွှတ်ပုံ ရေလျှော့ပုံတွေကို စဉ်းစားပုံအသစ်တွေ လုပ်ကြရမှာတော့မှန်ပါတယ်။

သိသလောက် လေ့လာဖတ်မှတ်မိသလောက်ထဲက လူတွေမြင်သာအောင် ထုတ်နုတ်တင်ပြပြီးပြီ။ ကျန်တာ ဖြည့်စွက်ဆွေးနွေး သုံးသပ်ဆုံးဖြတ်ကြဖို့ပါပဲ။

**ကိုးကား – online websites.**

❖ **အပေါ်မှာ ဆည်တွေလိုအပ်ပုံ အကျိုးပြောခဲ့တယ်။ အချို့က ဆည်ကြောင့် သစ်တောပြုန်းတယ်၊ ရေကြီးတယ် ဒုက္ခတွေပြောကြတယ်။ မြန်မာ့ဆည် ၂၄၆ ခုရဲ့ရေဝပ်ဧရိယာဟာ မြန်မာပြည်အကျယ်ရဲ့ လွန်ရောကျွံရော ၁ ရာခိုင်နှုန်းပဲရှိတယ်။ မြန်မာပြည်အကျယ်က စတုရန်းမိုင် ၂၆၁၂၂၈ ရှိတယ်။ ဆည်တစ်ခုစီရဲ့ ရေဝပ်ဧရိယာက ၁၀ မိုင်ပတ်လည်ပဲထားပါ (တကယ်က အဲဒီလောက်မရှိပါ)။ ဆည်ရေဝပ်ဧရိယာက မြန်မာပြည်အကျယ်အဝန်းရဲ့ တစ်ရာပုံ တစ်ပုံနီးနီးပဲရှိတယ်။ မိုင်တစ်ရာပတ်လည်ရှိတိုင်း ဆည်ရေဝပ်ဧရိယာတစ်မိုင်ပတ်လည် နှုန်းပဲထားပါ။ ပမာဏအမှုန်အမွှားလေးပါ။ ဆည်ဆောက်လို့ တောပြုန်းတယ်ဆိုကြတယ်၊ ရေဝပ်ဧရိယာဟာ မြန်မာ့အကျယ်အဝန်းရဲ့ တစ်ရာပုံတစ်ပုံပဲရှိတယ်**

❑ **ဆည်တွေလည်း ရှိရမယ်။ ဒါမှ ရေသေချာမယ်။ ဘဏ်စနစ်ကောင်းရမယ်။ ကမ္ဘာထွက်ဈေးကွက်ရှာနိုင်ရမယ်။ ဒီလိုလုပ်ဖို့လည်း ဆည်တွေလိုတာပဲ။ မြန်မာ့ခုလက်ရှိအနေအထားက အစိတ်စိတ်အမြွှာမြွှာ ဧကကွက်တွေ၊ ဆည်မပြည့်စုံတာတွေ၊ ဘဏ်စနစ် မကောင်းတာတွေ၊ ဈေးကွက်မရှာနိုင်တာတွေနဲ့ အဲဒီစခန်း မရောက်ပါ။ ဒါ့ကြောင့်လည်း ကိုယ့်ထက်အရွယ်သေးတဲ့ ဘေးက ထိုင်းရဲ့ လေးပုံတစ်ပုံလောက်ပဲ ကမ္ဘာကို ကောက်ပဲသီးနှံတင်ပို့နိုင်တယ်။ တရုတ်က သမုဒ္ဒရာကြီးကျော်ပြီး အမေရိကကနေ ပဲပိစပ်မဝယ်တော့ဘူး။ မြန်မာကနေ ဝယ်မယ်။ မြန်မာတွေ စိုက်ပေးဆိုရင် မြန်မာတွေမလုပ်နိုင်ပါ**

# ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး (၂၆၁၃)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲနှင့် (၁၂၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ရင်ပြင်တော်ပေါ် လှည့်လည်အပူဇော်ခံပွဲ အောင်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ



ပြည် နိုဝင်ဘာ ၁၈

**ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ နိုဝင်ဘာ ၁၇ ရက် ညပိုင်းက (၂၆၁၃)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲနှင့် (၁၂၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် ရင်ပြင် တော်ပေါ် လှည့်လည်အပူဇော်ခံပွဲ အောင်ပွဲ(၂)ရပ် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ကြည်ညိုကြသည်။**

ဦးစွာ "နမောတဿ" (၃)ကြိမ်ရွတ်ဆိုကာ ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ပတ္တမြားစေတီတော်၊ မူလကြေးစေတီတော်၊ ရွှေကလပ်တော်၊ ရွှေစန္ဒကူးကြုတ်တော်နှင့် စိန်စေတီတော်တို့ကို ယာယီပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက ပြည်မြို့ ရွာဘဲတောင်ပေါ်ကျောင်းတိုက် ဦးစီးပဓာနနာယက ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ ဘဒ္ဒန္တ ကုမာရဆရာတော်အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီး၊ ဒေသကွပ်ကဲမှု ဌာနချုပ်(ပြည်)၊ ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများက လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ သြဝါဒါစရိယ ရတနာမာရ်အောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနေမိန္ဒထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် စိန်စေတီတွင် တပ်ဆင်ပူဇော်ထားသော ဗုဒ္ဓမြတ်စွယ်တော်၊ ပတ္တမြားစေတီတော်၊ မူလကြေးစေတီတော်၊ ရွှေကလပ်တော်၊ ရွှေစန္ဒကူးကြုတ်တော်နှင့် စိန်စေတီတော်တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တစ်နှစ်တာ ပြန်လည်ကိန်းဝပ်တော်မူမည့် ဂန္ဓကုဋိတိုက်အတွင်းသို့ ပြန်လည်ပင့်ဆောင်ကြသည်။

ယင်းနောက် ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး (၂၆၁၃)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲနှင့်(၁၂၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ရင်ပြင်တော်ပေါ် လှည့်လည်အပူဇော်ခံပွဲ အောင်ပွဲနှစ်ရပ် ရေစက်ချမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဆုတောင်းကြပြီး တက်ရောက်လာသည့် ဝတ်အသင်းများမှ "ဒီသာဖရဏ" မေတ္တာပို့ဖြင့် မေတ္တာပို့သခဲ့ကြသည်။

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး (၂၆၁၃)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၂၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ရင်ပြင်တော်ပေါ် လှည့်လည်အပူဇော်ခံပွဲ ကာလအတွင်း အလှူငွေရရှိမှု ငွေကျပ် ၂၀၈၄၃၁၈၀၀ နှင့် လက်ဝတ်ရတနာ ပစ္စည်းမျိုးစုံ ၁၅ ခုရရှိခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးဒေါ်နုမြဲ့ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်း အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် မိုးကြိုးလွှဲ တပ်ဆင်ဆောင်ရွက်ခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှေးဟောင်းအဆောက်အအုံ အမှတ် (၂၀၇) တိဿဘုရားနှင့် ရှေးဟောင်းအဆောက်အအုံ အမှတ် (၂၁၁) တို့ကို ဘုရားဖူးဧည့်သည်များ လွယ်ကူစွာ ဖူးမြော်နိုင်ရေး ဘုရားဖူးဝင်လမ်း၊ ထွက်လမ်း လမ်းဖောက်မည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရာဂီမုန်တိုင်းကာလတွင်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်မှုရှိခဲ့သော ဝတ္တနတောဘုရားစုရှိ ရှေးဟောင်း အဆောက်အအုံ အမှတ် (၃၄၅) ပြန်လည်ပြုပြင် ထိန်းသိမ်းထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဘုရားပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းကိုရှေးဟောင်းအမွေအနှစ် လက်ရာများ ထိခိုက်မှုမရှိစေရေးနှင့် ရေရှည်ကြံ့ခိုင်စေရေးတို့ကို အလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ရှေးဟောင်းအဆောက်အအုံ အမှတ် (၃၇၄) အလိုတော်ပြည့်ဘုရားကို ဖူးမြော်ကြည်ညို၍ မိုးကြိုးလွှဲတပ်ဆင်ပြီးစီးမှုကိုလည်းကောင်း၊ ဇရိယာ D ရှိ ဘုရားအပေါ်ပိုင်းနှင့် ဘေးပတ်လည် ဘုရားလိုဏ်အတွင်း သန့်ရှင်းရေး ဆောင်ရွက်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လမ်းဘေးဝဲယာရှိ ဘုရားများတွင် ဦးစားပေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရှေးဟောင်းအဆောက်အအုံ အမှတ် (၂၃၅) သိကြားပုန်းဘုရားသို့ ရောက်ရှိပြီး ဘုရားလိုဏ်အတွင်းရှိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ကားရပ်နားရန် နေရာအား မြေသားနေရာ ထပ်မံတိုးချဲ့ခြင်းလုပ်ငန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်မည့် သိကြားပုန်းဘုရား ချဉ်းကပ်လမ်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတစ်ပွင့်တောင်ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယအကြိမ် မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**မော်ဘီ နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြု တက္ကသိုလ်တွင် ဒုတိယအကြိမ် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီက မော်ဘီ ပန်းတစ်ပွင့်တောင် ဗုဒ္ဓဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ် အဓိပတိဆရာတော်ထံမှ သာရဏီယ သြဝါဒကထာ နာယူခြင်း၊ ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ထံမှ သမ္မောဒနီယသြဝါဒကထာ နာယူခြင်း၊ ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ် မော်ကွန်းထိန်းဆရာတော်က ဒုတိယအကြိမ် ပန်းတစ်ပွင့်တောင် မဟာဝိဇ္ဇာလယ မဟာဘွဲ့နှင်းသဘင်နှင့် စပ်လျဉ်း၍ လျှောက်ထားခဲ့သည်။



ဆက်လက်၍ မော်ဘီမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ် တိုးဝင်းက တက္ကသိုလ်မဟာဘွဲ့နှင်းသဘင်နှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်း၊ မော်ကွန်းထိန်း ဆရာတော်က ပန်းတစ်ပွင့်တောင် မဟာဝိဇ္ဇာလယ ပါရဂူဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့၊အင်္ဂလိပ်စာ ဒီပလိုမာဘွဲ့ ခံယူတော်မူမည့် ရဟန်းတော်၊ သီလရှင်များအား ပါမောက္ခချုပ် ဆရာတော်ထံတွင် ဘွဲ့ခံယူစေပြီး ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ် အဓိပတိဆရာတော်၏ ရှေ့မှောက်တွင် ဘွဲ့ခံ ရဟန်းတော်၊ သီလရှင်များအား သာသနာပြုကတိသစ္စာ ခံယူစေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မော်ဘီ)**


- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကျော်ငြာများ လက်ခံကျော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**အိမ်ပြင်ပဥ်ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ဖိလစ်ပိုင်သို့ဝင်ရောက်ခဲ့သည့် စူပါတိုင်ဖွန်းမုန်တိုင်း မန်ရီကြောင့် လူရှစ်ဦးသေဆုံး

**မနီလာ နိုဝင်ဘာ ၁၈**

လွန်ခဲ့သည့် သီတင်းပတ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ အင်အားအလွန်ပြင်းသည့် စူပါတိုင်ဖွန်းမုန်တိုင်း မန်ရီ ဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံးလူရှစ်ဦး သေဆုံးခဲ့ပြီး မုန်တိုင်းဖြတ်သန်းရာလမ်းကြောင်း တစ်လျှောက်၌ ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အရာရှိများက နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။



မုန်တိုင်းကြောင့် ဖြစ်ပွားခဲ့သော အမ်ဘာဂီယိုမြို့ မြေပြိုမှုအတွင်း လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း နယူးအက်ဘာဗစ်ကာဂျာပြည်နယ် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲမှုရုံးက အတည်ပြုပြောကြားသည်။

သဘာဝဘေး အန္တရာယ်ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး မိမိတို့ အသေးစိတ်အချက်အလက်များ ရရှိအောင် လုပ်ဆောင်နေကြောင်း အမည်မဖော်လိုသူ ပြည်နယ်သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲမှုရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်အားပြင်း စူပါတိုင်ဖွန်းမုန်တိုင်းကြောင့် မနီလာအရှေ့တောင်ပိုင်း ကာမရင်းစ်နော်တီပြည်နယ်တွင် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်က ပြောကြားသည်။

မန်ရီသည် တစ်လမပြည့်မီအချိန်အတွင်း ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့သည့် ခြောက်ကြိမ်မြောက် အင်အားပြင်းမုန်တိုင်းတစ်ခုဖြစ်ကာ ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်ခဲ့သည့် ၁၆ ကြိမ်မြောက် အပူပိုင်း မုန်တိုင်းတစ်ခုလည်း ဖြစ်သည်။

ဆိုင်ကလုန်း မုန်တိုင်းများ တစ်ကြိမ်ပြီးတစ်ကြိမ် ဆက်တိုက်ဝင်ရောက် တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖိလစ်ပိုင်နိုင်ငံ လူဇုံကျွန်းနှင့် အခြားနေရာများတွင် ဖြစ်ပွားခဲ့သည်။

**ဆင်ဟွာ**

## ဆင်းရဲနွမ်းပါးမှု၊ ရာသီဥတုပြောင်းလဲမှုစသည့် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များကို ဂျီ - ၂၀ ခေါင်းဆောင်များ ဆွေးနွေးမည်

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၁၈**

ဆင်းရဲနွမ်းပါးမှု၊ ရာသီဥတုဆိုင်ရာ ပြောင်းလဲမှု စသည့်ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးရန်အတွက် အဓိက စီးပွားရေးအင်အားကြီး နိုင်ငံ ၂၀ မှ ခေါင်းဆောင်များသည် နှစ်ရက်ကြာ ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ နိုဝင်ဘာ ၁၈ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲသို့ ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှိဂဲရု၊ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့လည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ဂျီ-၂၀ ခေါင်းဆောင်များသည် ထိပ်သီးအစည်းအဝေးပွဲ ပထမနေ့တွင် ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲနွမ်းပါးမှုများကို ကိုင်တွယ်ဖြေရှင်းရေး အစီအမံများကို မည်ကဲ့သို့ လုပ်ဆောင်သွားမည်ဆိုသည်ကို ဆွေးနွေးသွားဖွယ်ရှိသည်။

ထို့အပြင် ၎င်းတို့သည် နှစ်ရက်ကြာ ညှိနှိုင်းဆွေးနွေးမှုအတွင်း ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုအပါအဝင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများအတွက်လည်း အမြင်ချင်းဖလှယ် ဆွေးနွေးသွားကြရန် စီစဉ်ထားသည်။

ယင်းထိပ်သီးဆွေးနွေးပွဲကို အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရမ့် ကျမ်းသစ္စာမကျိန်ဆိုမီ နှစ်လအလိုတွင်ပြုလုပ်ခြင်းဖြစ်သည်။ ၎င်းသည် ရာသီဥတုဆိုင်ရာ ပြောင်းလဲရေးအစီအမံများကို လုပ်ဆောင်ရန် တွန့်ဆုတ်နေသူဖြစ်ပြီး နှစ်နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးမှုများကိုသာ ဦးစားပေးသူဖြစ်သည်ဟု မှတ်ယူထားကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




## အိန္ဒိယနိုင်ငံက ပြည်တွင်းထုတ်တာဝေးပစ် အသံထက်မြန်ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်

**နယူးဒေလီ နိုဝင်ဘာ ၁၈**

အိန္ဒိယနိုင်ငံက ၎င်း၏ ပထမဆုံးပြည်တွင်းထုတ် တာဝေးပစ် အသံထက်မြန်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ပြောကြားလိုက်သည်။

အဆိုပါ အသံထက်မြန်ဒုံးကျည်ကို အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩဒိရှာကမ်းလွန်ရှိ ကျွန်းတစ်ကျွန်းမှ နိုဝင်ဘာ ၁၆ ရက်တွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းဒုံးကျည်သည် ၁၅၀၀ ကီလိုမီတာအကွာအဝေးအထိ ဗုံး၊ ဒရုန်း စသည့် အမျိုးမျိုးသော စစ်ဘက်သုံးလက်နက်များကို သယ်ဆောင်နိုင်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ကာကွယ်ရေးဝန်ကြီး ရာဂျီနာဆင်းဒ်က အသံထက်မြန်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို သမိုင်းဝင်အခိုက်အတန့်ဖြစ်ကြောင်း လူမှုကွန်ရက် X တွင် ရေးသားထားသည်။ ယင်းအောင်မြင်မှုကြောင့် အိန္ဒိယနိုင်ငံသည် ခေတ်မီစစ်ဘက်ရေးရာ နည်းပညာများကို ပိုင်ဆိုင်ထားသော ကမ္ဘာ့ထိပ်တန်းနိုင်ငံများထဲတွင် ပါဝင်လာပြီဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အသံထက်မြန်ဒုံးကျည်များသည် ရှာဖွေထောက်လှမ်းရန် ခက်ခဲကြောင်းနှင့် ကြားဖြတ်ပစ်ချဟန့်တားရန် ခက်ခဲကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## ယခုနှစ် ပထမ ၁၀ လအတွင်း ထိုင်းနိုင်ငံ၏ဆန်တင်ပို့မှု ၂၀ ရာခိုင်နှုန်းတိုးလာ

**ဘန်ကောက် နိုဝင်ဘာ ၁၈**

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ယခုနှစ် ပထမ ၁၀ လအတွင်း တန်ချိန် ၈ ဒသမ ၃၇ သန်းရှိပြီး ယမန်နှစ်ကာလတူထက် ၂၀ ရာခိုင်နှုန်း တိုးလာကြောင်း တရားဝင်အချက်အလက်များက နိုဝင်ဘာ ၁၈ ရက်တွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ်တွင် ဆန်တန်ချိန် ကိုးသန်းကျော် တင်ပို့နိုင်မည်ဟု ခန့်မှန်းထားပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံကျော်ရှိကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

စိုက်ပျိုးရေ လုံလောက်စွာရရှိမှုနှင့် အဓိကဈေးကွက်များတွင် ထိုင်းဆန်ဝယ်လိုအားမြင့်မားခြင်း၊ စပါးအထွက်နှုန်းတိုးလာခြင်းနှင့် အရည်အသွေးမြင့်ဆန်များ ဝယ်ယူရေး အမှာစာများ အဆက်မပြတ်ရရှိလာခြင်းတို့ကြောင့် ဆန်တင်ပို့မှုနှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ**



ဆူဖန်ဘူရီပြည်နယ်ရှိ လယ်ကွင်းတစ်ခုအတွင်း လုပ်ငန်းခွင်ဝင်နေကြသူများ။

## ဗီယက်နမ်နိုင်ငံက ငါးတန်တင်ပို့မှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရရှိရန်မျှော်မှန်း

**ဟန္ဒိုင်း နိုဝင်ဘာ ၁၈**

ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၏ ငါးတန်တင်ပို့မှုလျာထားချက် တန်ဖိုး အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအထိ ရောက်ရှိနိုင်သည်ဟု ဗီယက်နမ်သတင်းအေဂျင်စီမှ နိုဝင်ဘာ ၁၈ ရက်တွင် ဖော်ပြသည်။

အောက်တိုဘာလ စာရင်းအရ ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ဒေါ်လာ ၁ ဒသမ ၅၆ ဘီလီယံဖိုး တင်ပို့ခဲ့ရာ ယမန်နှစ်ကထက် ၈ ဒသမ ၉ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနအောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်သည်။

၂၀၂၅ ခုနှစ် ပထမသုံးလပတ် ငါးဖမ်းရာသီကုန်အထိ ကုန်ကြမ်းထောက်ပံ့နိုင်မှု အခြေအနေသည် ယခုနှစ်ကုန်အထိ ပို့ကုန်ဈေးနှုန်းများ တိုးတက်လာမှုနှင့်အတူ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းတစ်ခု ဖြစ်လာနိုင်ကြောင်း ဗီယက်နမ်ပင်လယ်စာ တင်ပို့ရောင်းချသူများအသင်း၏ လက်ထောက်အထွေထွေအတွင်းရေးမှူး တူသီထုန်လန်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်တွင် စုစုပေါင်းငါးမွေးမြူရေးဧရိယာ ဟက်တာ ၅၃၇၀ ခန့်ရှိပြီး ငါးတန်ချိန် ၁ ဒသမ ၆၇ သန်းအထိ ဖမ်းဆီးထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။ လာမည့်နှစ်စပိုင်းအထိ ငါးတန် တန်ချိန် ၁ ဒသမ ၆၅ သန်းခန့် ထုတ်လုပ်ရန်နှင့် ပို့ကုန်ဝင်ငွေဒေါ်လာ နှစ်ဘီလီယံရရှိရန် မျှော်မှန်းထားသည်။

**ဆင်ဟွာ**



ဗီယက်နမ်နိုင်ငံမှ ငါးတန်များတင်ပို့နိုင်ရေး ထုတ်လုပ်မှုလုပ်ငန်းခွင်။

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

လွိုင်ကော် နိုဝင်ဘာ ၁၈

**ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ သွားရောက်ကာ အကြမ်းဖက်သမားများ တိုက်ခိုက်မှုများနှင့် ရေကြီးမြင့်တက်မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်များနှင့် ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရွှေတောင်ပရိယတ္တိစာသင်တိုက် သာသနရုံသီကျောင်းဆောင် အခင်းကြွေပြားကပ်လုပ်ငန်းနှင့် အခန်းများ ပြန်လည်ပြင်ဆင်ကာရံနေမှု၊ သိမ်၊ ပိဋကတ်တိုက် အမိုး၊ မျက်နှာကြက်များ ပြုပြင်ဆောင်ရွက်နေမှု၊ ဓမ္မဒါယဗိမာန်ကျောင်းဆောင် ကြမ်းခင်း ကြွေပြားကပ်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းအပြီးသတ်ဆောင်ရွက်နေမှုနှင့် ပရိယတ္တိသာသနာ့ဗိမာန် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ပြည်နယ်ဝန်ကြီးချုပ်က ရွှေတောင်ပရိယတ္တိစာသင်တိုက် အတုလကျောင်းဆောင် မျက်နှာကြက်၊ ပြတင်းမှန်နှင့် လေကာမှန်များ ထပ်မံပြုပြင်ပေးရန်နှင့် ဆရာတော် သံဃာတော်များ ပြန်လည်ဝင်ရောက်သီတင်းသုံးချိန်တွင် အဆင်ပြေချောမွေ့စေရေးအတွက် လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများ ပြန်လည်ဖွင့်လှစ်လျက်ရှိသည့် အခြေအနေနှင့် ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ဌာနခွဲ၊ ဌာနစိတ်များအလိုက် ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးရေး၊ ယာဉ်ရပ်နားရန် သတ်မှတ်ထားသည့်နေရာများ စနစ်တကျဖြစ်စေရေး၊ ရုံးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် ဝန်ထမ်းများ အလုပ်ခွင်မပျက် ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




## မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် (၂၀၀ကျပ်တန်) စာပို့ တံဆိပ်ခေါင်းသစ်ရောင်းချပေးမည်

နေပြည်တော် နိုဝင်ဘာ ၁၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့်အထိမ်းအမှတ်** အတည်ပြုရွေးချယ်ထားသည့် အမှတ်တံဆိပ် Logo အား အထူးထုတ် စာပို့တံဆိပ်ခေါင်းအဖြစ် (၂၀၀ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို **၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် (ကြာသပတေးနေ့)** နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက် (ကြာသပတေးနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## မြစ်ကြီးနားမြို့၌ သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**မြစ်ကြီးနား နိုဝင်ဘာ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဇေယျာရပ်ကွက်ရှိ ရန်ကြီးအောင်ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို မြစ်ကြီးနားမြို့ ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပသည်။



အဆိုပါ အစည်းအဝေးတွင် မြို့နယ် သမဝါယမအသင်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နိုင်နိုင်မော်က သမဝါယမလုပ်ငန်းများဆိုင်ရာနှင့်စပ်လျဉ်း၍ မှာကြားပြီး အသင်းအမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးအတည်ပြုပြီး အသင်းသားများအား ချီးမြှင့်ငွေကျပ် ၁၆၆၇၃၂၀၊ အစုပေါ်အမြတ်ငွေကျပ် ၂၂၂၅၇၆၀၊ တက်ရောက်လာသည့် အသင်းသား အသင်းသူ ၁၂၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၂၅၀၀၀ စုစုပေါင်း ငွေကျပ် ၄၅၂၀၀၈၀ တို့ကို ပေးအပ်သည်။

ဆက်လက်၍ အသင်းအမှုဆောင်သစ် ရွေးချယ်ခြင်းကို မြို့နယ်ဖွဲ့စည်းရေးကော်မတီအဖွဲ့က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အမှုဆောင်အဖွဲ့ကိုးဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒဂုံမြို့သစ်ခရိုင်အဆင့် မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်သင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် မီးသတ်ဦးစီးရုံး၊ ဒဂုံမြို့သစ်ခရိုင်အတွင်းရှိ သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အဆင့်မြှင့် မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒဂုံမြို့သစ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက သင်တန်းဖွင့်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ ခရိုင်စီမံချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သင်တန်းတွင် လေ့ကျင့်သင်ကြားမည့် မီးသတ်ပစ္စည်းများကို ကြည့်ရှုကြသည်။

အဆိုပါသင်တန်းတွင် ဒဂုံမြို့သစ်ခရိုင်အတွင်းရှိ မြို့နယ်များမှ သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များမှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အာကာလင်း



## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦး တွေ့ရှိ

(၁၈-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၀-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၅၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၁) ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကရင်ပြည်နယ်အတွင်း မိုးစပါးတစ်ဧကအထွက်နှုန်း မှန်ကန်စွာရရှိရေး စံကွက်ပေါင်း ၃၂၄၀ ရိတ်သိမ်းမည်

**ဘားအံ နိုဝင်ဘာ ၁၈**

ကရင်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် မိုးစပါး ၄၂၅၈၈၄ ဧက စိုက်ပျိုးထားရှိပြီး တစ်ဧကအထွက်နှုန်း မှန်ကန်စွာရရှိနိုင်ရေး ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုအလွှာလိုက်ခွဲခြားပြုစု၍ ကွင်းအလိုက်၊ မျိုးကွဲအလိုက်၊ ရေသောက်နည်းလမ်းအလိုက် စံကွက်ပေါင်း ၃၂၄၀ ကို ရိတ်သိမ်းမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၇ ရက်က ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာ ကော့လှိုက်တောင်ကွင်းရှိ တောင်သူ ဦးကျော်ငယ်၏ ဗျော့ထွန်း (ညံ့မထကောင်း) ၃ ဒသမ ၂၅ ဧကၥ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ကျင်းပသည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲမှ သိရသည်။



**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

စံကွက်ရိတ်သိမ်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းတိုးတက်မြင့်မားရန် လိုအပ်ပြီး စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ စွမ်းပကားတိုးတက်မှုအခြေအနေကို သီးနှံအလိုက်၊ မျိုးကွဲအလိုက် အထွက်နှုန်းများ တိုင်းတာစိစစ်ရကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်ဖက်တွင် သီးနှံအထွက်နှုန်း မြင့်မားရေးကို ဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း သီးနှံများ တိုးတက်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးရေး၊ စိုက်ပျိုးရေရရှိရေး၊ သီးထပ်သီးညှပ် တိုးမြှင့်စိုက်ပျိုးရေး၊ စွမ်းအားပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ကူညီခြင်း၊ ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူလယ်သမားများနှင့် ရပ်မိရပ်ဖများအပါအဝင် တာဝန်ရှိသူအားလုံးနှင့် ပြည်သူတစ်ရပ်လုံးက စိုက်ပျိုးရေးကဏ္ဍ မြင့်မားလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားပြီး စားရေရိက္ခာဖူလုံကာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးအောင်က စံကွက်ရိတ်သိမ်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးထွန်းမြင့်က သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တစ်ဧက အထွက်နှုန်းမှန်ကန်စွာရရှိရေးအတွက် စိုက်ပျိုးပြီးစီးသည့် မိုးစပါးဧကများအနက် ကိုယ်စားအလွှာ(ကောင်း)ကို ကိုယ်စားပြုသော ဗျော့ထွန်း(ညံ့မထကောင်း)မိုးစပါးစိုက်ခင်းကို (၆ သမ ၆ ပေ x ၆ ဒသမ ၆ ပေ) ပတ်လည် ဧရိယာ ၀ ဒသမ ၀၀၁ ဧက စံကွက်သုံးကွက်ကို ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများက မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၀)စက်မှုလယ်ယာစခန်းမှ ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးရိတ်သိမ်း ခြင်း၊ ရိတ်သိမ်းပြီးလယ်မြေများအား ထွန်စက်ကြီးများဖြင့် ပြန်လည်ထွန်ယက်ခြင်းတို့ကို ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး(ဝဲပုံ) တစ်ဧကအထွက်နှုန်း ၁၀၇ ဒသမ ၉၀ တင်းထွက်ရှိကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

**ဆွဲပြေ့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# ကျန်းမာသက်ရှည်လိုပါသလား

**မောင်သောင်းဝင်း (တမန်ဟောင်း)**

**ဆောင်းဦးကာလ နံနက်စောစောတွင် လမ်းလျှောက်သူများကို ပိုမိုတွေ့မြင်လာရသည်။ လူကြီး၊ လူငယ်၊ လူလတ်အရွယ် ပေါင်းစုံတွေ့မြင်ရသည်။ ခပ်မှန်မှန် ပြေးနေကြသူများ၊ စက်ဘီးစီးကြသူများကိုလည်း တွေ့ရသည်။ ကျန်းမာရေး ပိုမိုလိုက်စားလာကြသည်။ ပြည်သူများ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိ ရှိလာကြသည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ ကျန်းမာရေးရှုထောင့်က ကြည့်မည်ဆိုလျှင် တိုးတက်မှုပင်ဖြစ်သည်။**




အေးမြလှသော ဆောင်းရာသီနံနက်ခင်းတွင် လမ်းလျှောက်ရသည့်အရသာကို လမ်းလျှောက်ဖူးသူများသာ အသိကြဆုံးပင်။ အလွန်အေးချမ်းဖွယ် ခံစားမှု။ လမ်းလျှောက်ခြင်းသည် ငွေကြေးကုန်ကျမှု မရှိသော်လည်း လမ်းလျှောက်ခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများစွာ ရရှိနိုင်ပါသည်။ အနည်းဆုံးတော့ စိတ်လက်ပေါ့ပါးခြင်း၊ ဦးနှောက်ကြည်လင်ခြင်း၊ အစာကြေလွယ်ခြင်း၊ ကြွက်သားများသန်မာခြင်း၊ ခန္ဓာကိုယ်အလေးချိန် ထိန်းထားနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ချက်ချင်းလက်ငင်း ရရှိစေပါသည်။

### လမ်းလျှောက်ကြည့်သင့်

လူတိုင်း အချိန် ၂၄ နာရီစီ အညီအမျှရရှိထားကြသည်။ ထို ၂၄ နာရီထဲမှ မိနစ် ၃၀ ခန့် ရအောင်ယူပြီး လမ်းမလျှောက်နိုင်ဘူးဆိုလျှင် နေ့စဉ်ဆုံးရှုံးမှုသာ ဖြစ်နေမည်။ ထို့ကြောင့် နေ့စဉ်လမ်းလျှောက်ဖြစ်အောင် ကြိုးစားကြည့်စေချင်ပါသည်။ တချို့သောသူများသည် လမ်းလျှောက်ခြင်းကို ဆောင်းရာသီရောက်ရှိမှသာ ပြုလုပ်ရသည်ဟု ယူဆထားကြသည်။ အမှန်စင်စစ်မှာမူ လူတစ်ဦးသည် ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ရေးအတွက် နွေ၊ မိုး၊ဆောင်း သုံးရာသီပတ်လုံး ပုံမှန်လမ်းလျှောက်သွားသင့်ပါသည်။ စီးပွားဥစ္စာမည်မျှပင် ကြွယ်ဝနေစေကာမူ ကိုယ်၊ စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနေမှသာလျှင် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် ကိုယ်လက်လှုပ်ရှားမှုနည်းသော မြို့ပြနေ ရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အသက် ၃၀ ကျော်လာသူများသည် နေ့စဉ် လမ်းလျှောက်သည့် လေ့ကျင့်ခန်းပုံမှန်လုပ်သင့်ပေသည်။ နေ့စဉ်လုပ်ငန်းတာဝန်များကို စိတ်ဓာတ်တက်ကြွစွာဖြင့် စွမ်းအားပြည့်ထမ်းဆောင်နိုင်ရန် စိတ်နှလုံးရွှင်လန်း ချမ်းမြေ့မှုရှိနေရန် လိုအပ်ပေသည်။ စိတ်ရွှင်လန်းတက်ကြွနေစေရန် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုတစ်ခုခု ပြုလုပ်ကြရန် လိုအပ်ပါသည်။ ထိုသို့ ကိုယ်လက်လှုပ်ရှားမှုအတွက် ငွေကြေးကုန်ကျမှုမရှိသည့် ရိုးရှင်းသော အားကစားနည်းသည် လမ်းလျှောက်ခြင်းပင်ဖြစ်သည်။

လမ်းလျှောက်ခြင်းသည် လွတ်လပ်ပေါ့ပါးပြီး လုပ်ဆောင်ရလွယ်ကူသည့်အပြင် ဘေးထွက်ဆိုးကျိုးလည်းမရှိသည့် ကျန်းမာရေးကို အထောက်အကူပြုသော လေ့ကျင့်ခန်းပုံစံပင်ဖြစ်သည်။ ထို့ပြင် လမ်းလျှောက်ခြင်းသည် လွတ်လပ်လွယ်ကူစွာ ဆောင်ရွက်နိုင်သဖြင့် အသက်အရွယ်မရွေး လုပ်ဆောင်နိုင်သည့် လေ့ကျင့်ခန်းလည်း ဖြစ်သည်။

### နွေမိုးဆောင်းလမ်းလျှောက်သင့်

နည်းပညာ တိုးတက်နေသောခေတ်ကြီးတွင် လူသားတို့သည် ဓာတုကြွင်းကျန် အသီးအရွက်များ၊ ပြုပြင်ဖန်တီးထားသော အသား၊ ငါးများကိုသာ စားသုံးနေကြရသည်။ မြစ်ရေများသည် စွန့်ပစ်ဓာတုပစ္စည်းများကြောင့် ညစ်ညမ်းလျက်ရှိသည်။ ထိုနည်းတူ နေ့စဉ်ရှူရှိုက်ရသောလေထုသည်လည်းညစ်ညမ်းလျက်ရှိသည်။ အကျိုးဆက်ကတော့ လူသားတို့သည် သွေးတိုး၊ ဆီးချို၊ နှလုံးနှင့် ကင်ဆာရောဂါများ ဖြစ်ပွားလာကြခြင်းဖြစ်သည်။ အရွယ်မတိုင်မီ ကွယ်လွန်နေကြ၍ လူ့သက်တမ်းမှာ တဖြည်းဖြည်း တိုတောင်းလာသည်။

ထို့ကြောင့် သက်ရှည်ကျန်းမာရေးအတွက် လေ့ကျင့်ခန်းတစ်ခုခုတော့ ပုံမှန်လုပ်သင့်ရာ အလွယ်ကူဆုံး လမ်းလျှောက်ခြင်းကို နေ့စဉ် ဆောင်ရွက်သင့်ပြီ ဖြစ်ပါသည်။ နေ့စဉ် မိနစ် ၃၀ ခန့် လမ်းလျှောက်သူတစ်ဦးသည် ကျန်းမာရေး သိသိသာသာ တိုးတက်လာသဖြင့် ပျော်ရွှင်ချမ်းမြေ့မှု အရသာကို မလွဲကေန် ခံစားရမည်ဖြစ်သည်။ အထိုင်များသူများသည် မိမိအသက်အရွယ်နှင့် လိုက်ဖက်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း တစ်ခုခုကို မဖြစ်မနေ ပြုလုပ်သင့်ပေသည်။

### အကျိုးကျေးဇူးများစွာ

လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် များစွာ အထောက်အကူဖြစ်စေသည်။ သာဓကအနေဖြင့် နှလုံးကျန်းမာရေးအားကောင်းခြင်း၊ ကိုယ်အလေးချိန် လျှော့ချနိုင်ခြင်း၊ သွေးပေါင်ချိန်မှန်လာခြင်း၊ ကင်ဆာရောဂါကာကွယ်နိုင်ခြင်း၊ သွေးလည်ပတ်မှုမှန်လာခြင်း၊ သွေးတိုးလေငန်းရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ခြင်း၊ အရိုးအဆစ်သန်မာလာခြင်း၊ ကြွက်သားများ ကြံ့ခိုင်သန်မာခြင်း၊ အစာချေဖျက်နိုင်မှု စွမ်းအားမြင့်မားခြင်း၊ ကူးစက်ရောဂါပိုးခုခံကာကွယ်နိုင်စွမ်း မြင့်မားခြင်း၊ နာတာရှည်ရောဂါကို ကာကွယ်နိုင်ခြင်း၊ အဆုတ်ကြံ့ခိုင်လာခြင်း၊ အရွယ်တင်နုပျိုခြင်း၊ စိတ်ဖိစီးမှုကို လျှော့ချနိုင်ခြင်း၊ စိတ်ခံစားမှုစွမ်းရည်မြင့်မားခြင်း၊ မှတ်ဉာဏ်စွမ်းရည်မြင့်မားခြင်း၊ ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်နိုင်ခြင်း၊ လူမှုဆက်ဆံရေး အဆင်ပြေချောမွေ့လာစေခြင်း၊ နှစ်ခြိုက်စွာ အိပ်စက်အနားယူနိုင်ခြင်းတို့ဖြစ်သည်။

ထို့ပြင် လမ်းလျှောက်ခြင်း အပါအဝင် ကျန်းမာရေး လေ့ကျင့်ခန်းအားလုံးသည် ဦးနှောက်ကျန်းမာရေးအပြင် နှလုံးနှင့် အဆုတ်တို့ကို ကျန်းမာကြံ့ခိုင်လာစေကာ ဆီးချို၊ သွေးတိုးနှင့် နှလုံးရောဂါ အပါအဝင် ကာလရှည်ကြာ ဖြစ်ပွားလေ့ရှိသည့် နာတာရှည်ရောဂါများ၏ အန္တရာယ်ကိုလည်း လျှော့ချစေနိုင်သည်ဟု ဆိုသည်။ အသက် ၁၈ နှစ်မှ ၃၅ နှစ်အကြား အရွယ်များသည် လမ်းလျှောက်ခြင်း၊ ပြေးခြင်းနှင့် စက်ဘီးစီးခြင်းတို့ကို အခိုက်အတန့်မျှ လုပ်ဆောင်ပြီးချိန်တွင် ဦးနှောက်မှတ်ဉာဏ် ပိုမိုတိုးတက်လာလေ့ရှိကြောင်း သုတေသနများအရ သိရသည်။ နေ့စဉ်လမ်းလျှောက်ခြင်း သို့တည်းမဟုတ် စက်ဘီးစီးခြင်းသည် ကျွန်ုပ်တို့၏ ဦးနှောက်သက်တမ်းကို ၁၀ နှစ်အထိ ပိုမိုနုပျိုလာစေသည်ဟု ဆိုသည်။ ထို့ပြင် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပုံမှန်လုပ်ဆောင်ခြင်းသည် သက်ကြီးရွယ်အိုများ၏မှတ်ဉာဏ်ကို အသက် ၂၀ အရွယ် လူငယ်များကဲ့သို့ပင် တိုးတက်လာစေကြောင်း သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားသည်။ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကို အနှစ်ချုပ်လိုက်လျှင် သက်ရှည်ကျန်းမာစေပါသည်။

### ကျန်းမာရေးသည်ပဓာန

ကျန်းမာကြံ့ခိုင်နေသူတစ်ဦးသည် အရာရာကို စွမ်းဆောင်နိုင်စွမ်းရှိသည်။ အထူးသဖြင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်နေ့စဉ်လုပ်ငန်းဆောင်တာများကို အခက်အခဲမရှိ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ လူတိုင်းတွင် မွေးရာပါစွမ်းဆောင်ရည်များ ပါလာကြသည်။ သို့သော် ကျန်းမာနေမှသာလျှင် ထိုစွမ်းဆောင်ရည်များကို အပြည့်အဝအသုံးချနိုင်မည်ဖြစ်သည်။

လူသားတိုင်းသည် ကျန်းမာစွာ အသက်ရှင်ရပ်တည်လိုကြသည်။ ကျန်းမာရေးချို့ယွင်းမှုမှန်သမျှသည် အဆင်မပြေမှုနှင့် ငွေကုန်ကြေးကျမှုကိုသာ များစေမည်ဖြစ်သည်။ ကျန်းမာရေးချို့ယွင်းသူတစ်ဦးသည် ပညာသင်ယူခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ မိသားစုနှင့် ပျော်ရွှင်စွာ နေထိုင်သွားလာခွင့် စသည့် အခွင့်အရေးအားလုံးကို လက်လွှတ်ဆုံးရှုံးကြရသည်။ လူတစ်ဦး ကျန်းမာရေးကောင်းမွန်ရန်အတွက် အခြေခံအားဖြင့် ငါးမျိုးသာရှိသည်။ ၎င်းတို့မှာ လက်မှန်မှန် ဆေးကြောခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော ရေကို လုံလောက်စွာ သောက်သုံးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းနှင့် လုံလောက်စွာ အိပ်စက်အနားယူခြင်းတို့ဖြစ်သည်။

### ကျန်းမာသက်ရှည်လိုပါသလား

နေ့စဉ်ပုံမှန် လမ်းလျှောက်သွားမည်ဆိုလျှင် အကျိုးထူးကို လက်တွေ့ခံစားရမည် ဖြစ်သည်။ မကျန်းမာသူတစ်ဦးသည် လူသေတစ်ဦးနှင့် မခြားသည့်အပြင် မိသားစုများကိုပါ ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်။ ဆေးကုသစရိတ်ကုန်ကျသည့်အပြင် တိုင်းပြည်ကုန်ထုတ်လုပ်ငန်းကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် လူတစ်ဦးသည် မိမိချစ်သော မိသားစုများနှင့်အတူ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် နေ့စဉ်ကျန်းမာရေး လေ့ကျင့်ခန်း တစ်ခုခုကို မပျက်မကွက် လုပ်ဆောင်သင့်ပေရာ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများစွာအနက် လွယ်ကူ၍ အဖိုးနည်းပြီး ကျန်းမာရေးအတွက် များစွာအထောက်အကူပြုသည့် ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ကျန်းမာသက်ရှည်မှုကို ဆောင်ကြဉ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

**❖ အသက် ၁၈ နှစ်မှ ၃၅ နှစ်အကြား အရွယ်များသည် လမ်းလျှောက်ခြင်း၊ ပြေးခြင်းနှင့် စက်ဘီးစီးခြင်းတို့ကို အခိုက်အတန့်မျှ လုပ်ဆောင်ပြီးချိန်တွင် ဦးနှောက်မှတ်ဉာဏ် ပိုမိုတိုးတက်လာလေ့ရှိကြောင်း သုတေသနများအရ သိရသည်။ နေ့စဉ်လမ်းလျှောက်ခြင်း သို့တည်းမဟုတ် စက်ဘီးစီးခြင်းသည် ကျွန်ုပ်တို့၏ ဦးနှောက်သက်တမ်းကို ၁၀ နှစ်အထိ ပိုမိုနုပျိုလာစေသည်ဟု ဆိုသည်။ ထို့ပြင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပုံမှန်လုပ်ဆောင်ခြင်းသည် သက်ကြီးရွယ်အိုများ၏ မှတ်ဉာဏ်ကို အသက် ၂၀ အရွယ် လူငယ်များကဲ့သို့ပင် တိုးတက်လာစေကြောင်း သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားသည်**



## မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဒိန်းမတ်ကြက်ခြေနီအသင်း ပူးပေါင်း၍ လူငယ်များအတွက် သင်တန်းဖွင့်

**ရန်ကုန်  နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့်အတူ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့် ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော Youth as Agents of Behavioral Change Peer Educator & Operational Communication Training ဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ရှိ Inya Lake Hotel ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့် တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ Head of Delegation Ms. Nadia Khoury နှင့် ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်းမှ Country Manager Mr.Fabio Beltramini က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး အဆိုပါသင်တန်းဖွင့်ပွဲသို့ အသင်းဥက္ကဋ္ဌနှင့်အတူ အချိန်ပိုင်းအလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာ ဒေါ်မာလာဝင်း၊ ညွှန်ကြားရေးမှူးများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းက တာဝန်ရှိသူများ၊ ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်းက တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့သည်။



အပြုအမူကောင်းများကို သိရှိလာစေရန်နှင့် လူငယ်များကြားပြန်လည်မျှဝေနိုင်စေရန် ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကာ သင်တန်းသို့နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးက လူငယ်ကြက်ခြေနီစေတနာလုပ်အားရှင် စုစုပေါင်း ၂၀ တက်ရောက်လျက် ရှိကြောင်း သိရသည်။

**အောင်မြင့်**
**(ပြန်/ဆက်)**

## မြန်အောင်မြို့နယ်၌ စားအုန်းဆီဝယ်ယူခွင့်စာအုပ်ဖြင့် စားအုန်းဆီရောင်းချပေး

**မြန်အောင်  နိုဝင်ဘာ ၁၈**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ စားအုန်းဆီ ဝယ်ယူခွင့်စာအုပ်ဖြင့် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် ညောင်မြစ်ဆွဲကျေးရွာအုပ်စု မြို့မတဲကြီးကုန်း ကျေးရွာအုပ်စုတို့၌ နိုဝင်ဘာ ၁၇ ရက်က အိမ်ထောင်စုတစ်စုလျှင် ၅၀ ကျပ်သားနှုန်းဖြင့် စားအုန်းဆီပိဿာ ၂၉၇၀ ရောင်းချပေးသည်။



မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ အခြေခံအိမ်ထောင်စုဝင်များကို စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၇၃၇၀ ဖြင့် အိမ်ထောင်စုတစ်စုလျှင် ၅၀ ကျပ်သား ရောင်းချပေးမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်နိုင်၊ မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိုးဦး၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်နှင့် မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဇော်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတို့က ကြည့်ရှုအားပေး ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မိုင်းယန်းမြို့နယ် နမ့်မုတ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်နေမှုကြည့်ရှု

**မိုင်းယန်း  နိုဝင်ဘာ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ယာကေများမှထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းဖောက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက မိုင်းလွေကျေးရွာအုပ်စု နမ့်မုတ်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ရှိသူများသည် နမ့်မုတ်ကျေးရွာတွင် အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ တင်ဒါအောင်ကုမ္ပဏီက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။



အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းသည် မြေသားလမ်းသဲဖြုန်းခင်းခြင်းလုပ်ငန်း အမျိုးအစားဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၃၃၄ သန်း အကုန်အကျခံ၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် ဇွန်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

## ကျိုက်ထိုမြို့နယ်၌ အမျိုးသားအောင်ပွဲနေ့ အကြိုအသိပညာပေးဟောပြော

**ကျိုက်ထို  နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် ယနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်ရှိ အ-မ-က (အေးရိပ်ငြိမ် အရှေ့-၁)ကျောင်း၌ အမျိုးသားအောင်ပွဲနေ့ အကြို အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထက်ထက်အောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ(တွဲဖက်) ဒေါ်ငွေငွေဝင်းက အမျိုးသားနေ့အကြောင်း သိကောင်းစရာများနှင့် ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတ တိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**

## တော်ပသီခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းချဲ့ခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ညောင်လေးပင်  နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေး သွားလာနိုင်ရန် ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(SMART Village) ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းချဲ့ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက တော်ပသီခေတ်မီစံပြကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ တော်ပသီခေတ်မီစံပြကျေးရွာတွင် အရှည်ပေ ၂၀၅၀၊ အကျယ် တစ် ပေ ခြောက်လက်မ၊ ဒု ခြောက်လက်မရှိ ကွန်ကရစ်လမ်းချဲ့ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တော်ပသီခေတ်မီစံပြကျေးရွာရှိ အဆိုပါ ကွန်ကရစ်လမ်းချဲ့ခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၉ ဒသမ ၈၆ သန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**၂၂**



## တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**တာချီလိတ်  နိုဝင်ဘာ ၁၈**

သစ်တောဦးစီးဌာနကကြီးမှူး၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပန်ဂျီဟတ်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ သစ်တောဦးစီးဌာန တာချီလိတ်ခရိုင် ဦးစီးအရာရှိ ဦးဖြိုးဝေစံက သစ်တောနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သိကောင်းစရာများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ဦးစီးအရာရှိ ဦးရန်လင်းမောင်မောင်ဦးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေး၊ ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေး သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြပြီး ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**



# ၂၀၂၄ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၈**

၂၀၂၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် နိုဝင်ဘာ ၁၇ ရက်ည ၁၀ နာရီက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ၂၀၂၄ ခုနှစ် တောင်ကြီး တန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် တေးဂီတဖျော်ဖြေပွဲများဖြင့် ဖျော်ဖြေခြင်း၊ တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များက ကပြဖျော်ဖြေကြပြီး နိုဝင်ဘာ ၁၇ ရက်ည၏ ပြိုင်ပွဲဝင်မီးပုံးပျံများဖြစ်သော ညမီးကြီးယမ်းမီး ၂၂ ပေ မီးပုံးပျံလေးလုံးနှင့် စိန်နားပန် မီးပုံးပျံလေးလုံး လွှတ်တင်ယှဉ်ပြိုင်ရာ ဒေသခံပြည်သူများ၊ ရပ်နီး ရပ်ဝေးမှ ညှော့ပရိသတ်များနှင့် ခေတ်ပေါ်တေးဂီတ ဝိုင်းအဆိုတော်များက ပွဲတော်ကို ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်အား ပိတ်သိမ်းကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ကြေညာပြီး မီးရှူး၊ မီးပန်းများ ပစ်ဖောက်ခြင်း၊ မီးပုံးပျံအငယ်များ လွှတ်တင်ခြင်း၊ ကွင်းပိတ်ပွဲစိန်နားပန်မီးပုံးပျံတစ်လုံး လွှတ်တင်၍ တန်ဆောင်တိုင် ပိတ်ပွဲသီချင်းဖြင့် တိုင်းရင်းသား စာပေယဉ်ကျေးမှုအကအဖွဲ့နှင့် ပညာရေးဒီဂရီ ကောလိပ်အကအဖွဲ့တို့က တင်ဆက်ကပြကြ ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)





# ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ယှဉ်ပြိုင်မည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အမျိုးသားဘောလုံးအသင်းနှစ်သင်း ချစ်ကြည်ရေးယှဉ်ပြိုင်

**မော်လမြိုင် နိုဝင်ဘာ ၁၈**

မွန်ပြည်နယ်၌ အများပြည်သူများ အသက်အရွယ်မရွေး အားကစားကို လေ့လာလိုက်စား၍ အားကစားနည်းအလိုက် ဆောင်ရွက်နိုင်စေရေးနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အသက် ၂၁ နှစ်အောက် မွန်ပြည်နယ် အမျိုးသားဘောလုံးအသင်းနှင့် ကရင်ပြည်နယ် အမျိုးသားဘောလုံး အသင်းတို့၏ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းက မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ အသက် ၂၁ နှစ်အောက် မွန်ပြည်နယ်အမျိုးသား ဘောလုံးအသင်းနှင့် ကရင်ပြည်နယ် အမျိုးသားဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပင်းတယမြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**ပင်းတယ နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ဒေသအသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးပွားရေးစီမံကိန်းလုပ်ငန်းဖြင့် မော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းတို့အတွက် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ဒေသအသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရေး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်ပြီး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်း(စက်ချုပ်)သင်တန်းကို သင်တန်းသူ သင်တန်းသား ၁၅ ဦးအား သင်ကြားပေးနိုင်ခဲ့ပြီး အသေးစား စက်မှုလက်မှုထုထောင်နိုင်သူ ငါးဦးရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ဒေသအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် စီမံကိန်းသုံးခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်က MSMEs လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ မိမိဒေသဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြစေရန်လိုကြောင်း တိုက်တွန်း ပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့မှ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှုသင်တန်းတို့အတွက် သင်တန်းသူသင်တန်းသားများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



အောင်ကိုဦး(ပြန်/ဆက်)



# ညောင်လေးပင်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

**ညောင်လေးပင် နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သစ်တောဦးစီးဌာနမှ နိုဝင်ဘာ ၁၈ ရက်က ညောင်လေးပင် မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ညောင်လေးပင်ခရိုင် လက်ထောက်ပညာရေးမှူး ဒေါ်မြင့်မြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးပြည့်ခန့်မှ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောသည်။ ထို့နောက် မြို့မီးမြို့ဖ ဦးသိန်းနိုင်က သဘာဝဘေးအန္တရာယ်များအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

စွမ်းထက် (ညောင်လေးပင်)

# ထန်းတပင်မြို့နယ်၌ မိုးစပါးကေ ရှစ်သောင်းကျော် စိုက်ပျိုးပြီးစီး

**ထန်းတပင်(ရန်ကုန်) နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားစိုက်ဧက ၈၄၁၃၈ ဧကရှိသည့်အနက် ဧကရှစ်သောင်းကျော် စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ထန်းတပင်မြို့နယ်၌ မိုးစပါး ဧကပေါင်း ၈၀၀၉၀ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိတွင် ဧက ၆၇၀ ရိတ်သိမ်းပြီးသွားပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းကိုက ပြောသည်။

တစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက်လည်း တောင်သူပညာရေးလုပ်ငန်းများနှင့် မိုးစပါးစိုက်ခင်းများ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေးဆောင်ရွက်လျက်ရှိပြီး နည်းပညာမျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးနှင့် မျိုးစေ့ထုတ်တောင်သူများအတွက် မြေဩဇာများထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# MNL-2 ပြိုင်ပွဲတွင် နောက်ကျဂိုးဖြင့် ရာမညယူနိုက်တက်အသင်း အနိုင်ရပြီး ချန်ပီယံအိပ်မက် ဆက်လက်ရှင်သန်

ရန်ကုန် နိုဝင်ဘာ ၁၈

၂၀၂၄ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ် (၁၂) ဒုတိယနေ့ကို နိုဝင်ဘာ ၁၈ ရက်က ဆက်လက်ကျင်းပရာ ရာမည ယူနိုက်တက်နှင့် ကချင်ယူနိုက်တက်အသင်း အမှတ်ပြည့်ရရှိခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရာမည ယူနိုက်တက်အသင်းက ရှေ့ဝတီရိန်းဂျား အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရာမညယူနိုက်တက်အသင်းသည် နောက်ကျ ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံလမ်းကြောင်း ပေါ်တွင် ဆက်ရှိနေသည်။ မဖြစ်မနေ နိုင်ပွဲ လိုအပ်နေသည့် ရာမညယူနိုက်တက်အသင်း သည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၆ မိနစ်တွင် ဆန်းမြင့်နိုင်နှင့် ၂၉ မိနစ်တွင် ဝေယံစိုးတို့သွင်းယူသည့် နှစ်ဂိုးဖြင့် ပထမပိုင်း အပြီးတွင် ဦးဆောင်နိုင်ခဲ့သည်။ သို့သော် ၄၈ မိနစ်တွင် ကျော်ထက်နှင့် ၅၇ မိနစ်တွင် အောင်နိုင်ဖြိုးတို့က ရှေ့ဝတီရိန်းဂျားအသင်း အတွက် ချေပဂိုးများ ပြန်သွင်းခဲ့သဖြင့် လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့ သည်။ ရာမညယူနိုက်တက်အတွက် အနိုင်ဂိုး ကို ၉၀+၃ မိနစ်တွင် ဆန်းမြင့်နိုင်က သွင်းယူ ခဲ့ပြီး ယခုပွဲ၏အကောင်းဆုံးဆုပါ ရရှိခဲ့သည်။



ရာမညယူနိုက်တက်နှင့် ရှေ့ဝတီရိန်းဂျားအသင်း ယှဉ်ပြိုင်စဉ်။

### အနိုင်ဂိုးသွင်း

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းက ငွေကြယ်ပွင့် အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ကချင်ယူနိုက်တက်အသင်းသည် ယခုပွဲ၌ အနိုင်ရသဖြင့် ချန်ပီယံလမ်းကြောင်းပေါ်တွင် ရှိနေသော်လည်း အမှတ်ကွာဟနေသဖြင့် တက္ကသိုလ်၊ ရာမည၊ Chinland အသင်းတို့ ထက် အခွင့်အရေးနည်းနေသည်။ ကချင် ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၅+၂ မိနစ်တွင် ဘင်မိုရာဘတ်နှင့် ၇၃ မိနစ် တွင် ဘိုယိုမိုတို့က သွင်းယူခဲ့သည်။ ယခုပွဲ အတွက် အကောင်းဆုံးဆုကို ကချင် ယူနိုက်တက်အသင်းမှ ကျော်ဝင်းသိန်းက ရရှိသည်။

### နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်

ပွဲစဉ် (၁၂) အပြီးတွင် တက္ကသိုလ်အသင်း နှင့် ရာမညယူနိုက်တက်အသင်းက ၂၇ မှတ်စီ၊ Chinland အသင်းက ၂၆ မှတ်၊ ကချင်ယူနိုက် တက်အသင်းက ၂၂ မှတ်၊ Glory Goal အသင်း က ၁၂ မှတ်၊ ငွေကြယ်ပွင့်အသင်းက ရှစ်မှတ်၊ ရွှေပြည်သာယူနိုက်တက်နှင့် ရှေ့ဝတီရိန်းဂျား အသင်းတို့က ခုနစ်မှတ်စီ ရရှိထားသည်။ ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲစီသာ ကစားရန်ကျန်ရှိ တော့ပြီး ချန်ပီယံဆုအတွက် နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MNL

# မြန်မာအသင်းနှင့် လက်ဘနွန်အသင်း ရန်ကုန်မြို့တွင် ခြေစမ်းမည်

ရန်ကုန် နိုဝင်ဘာ ၁၈

နိုဝင်ဘာနိုင်ငံတကာရက်သတ္တပတ်တွင် ခြေစမ်းပွဲများကစားနေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယမြောက် ခြေစမ်းပွဲအဖြစ် နိုဝင်ဘာ ၁၉ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ လက်ဘနွန်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် လက်ဘနွန်အသင်းသည် ၂၀၁၆ ခုနှစ်က ယှဉ်ပြိုင် ကစားသည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် တွေ့ဆုံပြီးနောက် ရှစ်နှစ် ဝန်းကျင်အကြာမှ ခြေစမ်းပွဲတွင် ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဒီဇင်ဘာတွင်ယှဉ်ပြိုင်ရမည့် ၂၀၂၄ Asean Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အောက်တိုဘာနှင့် နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် ခြေစမ်းပွဲ များ ကစားလျက်ရှိပြီး သုံးပွဲကစားရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၄ Asean Cup ပြိုင်ပွဲမတိုင်မီ နောက်ဆုံးခြေစမ်းပွဲအဖြစ် ခြေစွမ်းမြင့်မားသည့် လက်ဘနွန်အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး အုပ်စုတွင်းပြိုင်ဘက်များဖြစ်သည့် ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ကို ရင်ဆိုင်ရန် အကောင်းဆုံးပြင်ဆင်မှုတစ်ခု ဖြစ်လာမည်ဖြစ်သည်။ မြန်မာ့လက်ရွေး စင်အသင်းတွင် ဒဏ်ရာရကစားသမားများပြားနေပြီး ယခုပွဲကိုလည်း အမာခံကစားသမားအချို့ လွဲချော်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် စင်ကာပူနှင့်ပွဲအတွက် ခေါ်ဆောင် သွားသည့် ကစားသမား ၂၄ ဦးကို အခြေခံကာ ယခုခြေစမ်းပွဲကို ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် လက်ဘနွန်အသင်းသည် နိုဝင်ဘာနိုင်ငံတကာ ရက်သတ္တပတ်တွင် ဒုတိယမြောက်ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး ပထမ ခြေစမ်းပွဲတွင် နှစ်သင်းစလုံး နိုင်ပွဲပျောက်ဆုံးထားသည်။ နိုဝင်ဘာ ၁၄ ရက်က ကစားခဲ့သည့် ပထမခြေစမ်းပွဲတွင် မြန်မာအသင်းက စင်ကာပူအသင်းကို အဝေးကွင်းတွင် သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ပြီး လက်ဘနွန်အသင်းက ထိုင်းအသင်းကို အဝေးကွင်းတွင် ဂိုးမရှိသရေ ကစားခဲ့သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF



မြန်မာ့လက်ရွေးစင်ကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

# မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ထိုင်းအသင်းနှင့် ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၁၈

၂၀၂၄ အာဆီယံ အမျိုးသမီးဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုတတိယ နေ့ကို နိုဝင်ဘာ ၁၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာ အသင်းသည် နာမည်ကြီး ထိုင်း အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

နိုင်ငံတကာ ပြိုင်ပွဲများနှင့် နှစ်နှစ်ကျော် ဝေးကွာနေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် နည်းပြ ဦးဌေးမြင့်လက်ထက်တွင် တစ်ပွဲ ထက်တစ်ပွဲ တိုးတက်လာပြီး ထိုင်းအသင်းကို တစ်ဂိုးတည်းဖြင့် ကပ်၍ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် နာမည်ကြီးထိုင်းအသင်းကို အရေးနိမ့် သော်လည်း အပြန်အလှန်ကစား နိုင်ခဲ့သလို အကောင်းဆုံးတုံ့ပြန် နိုင်ခဲ့သည်။ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသော်လည်း ဒုတိယ ပိုင်း ၂၃ မိနစ်တွင် ဆန်ဂါရာဝီက ထိုင်းအသင်းအတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သည်။ မြန်မာ အသင်းသည် ဂိုးပေးလိုက်ရသော် လည်း ကစားပုံပျက်မသွားဘဲ ချေပဂိုးရရန် ကြိုးပမ်းလာရာ ၃၄ မိနစ်တွင် ယွန်းမီမီလွင်က ချေပ ဂိုးပြန်သွင်းခဲ့သည်။ သို့သော် ၃၅ မိနစ်တွင် အာရီရာက ထိုင်းအသင်း အတွက် အနိုင်ဂိုးသွင်းခဲ့သဖြင့် မြန်မာအသင်း အရေးနိမ့်ခဲ့ခြင်းဖြစ် သည်။

အုပ်စုတတိယနေ့ အခြားပွဲ တွင် ဗီယက်နမ်အသင်းက အင်ဒိုနီးရှားအသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ အုပ်စုတတိယနေ့ အပြီးတွင် ထိုင်းအသင်းက သုံးပွဲ ကစား ကိုးမှတ်၊ ဗီယက်နမ် အသင်းက နှစ်ပွဲကစား ခြောက် မှတ်၊ မြန်မာအသင်းက သုံးပွဲ ကစား တစ်မှတ်၊ ဖိလစ်ပိုင်အသင်း က နှစ်ပွဲကစား တစ်မှတ်၊ အင်ဒိုနီးရှားအသင်းက နှစ်ပွဲစလုံး ရှုံးကာ အမှတ်မရသေးပေ။ မြန်မာ အသင်းသည် အုပ်စုနောက်ဆုံးပွဲ အဖြစ် နိုဝင်ဘာ ၁၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရ မည်ဖြစ်ပြီး တတိယလုပွဲ ကစား ခွင့်ရရန် ယင်းပွဲတွင် အမှတ်ရရန် လိုအပ်နေသည်။ **ညီမြတ်သော်တာ**





မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ - MFF

### ○ ကျောဖုံးမှ

အီတလီအသင်းသည် ယခု ပွဲစဉ် ရှုံးနိမ့်မှုကြောင့် ၁၉၈၃ ခုနှစ် က ဆွီဒင်အသင်းကို သုံးဂိုးပြတ် ရှုံးနိမ့်ပြီးနောက်ပိုင်း ပထမဆုံး အကြိမ် အိမ်ကွင်းဂိုးပြတ်ရှုံးနိမ့်မှု အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အီတလီအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သော်လည်း ရမှတ် ၁၃ မှတ် ဖြင့် မတ်လတွင် ကျင်းပမည့် နေးရှင်းလိဂ်ပြိုင်ပွဲ ကွာတား ဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ပြိုင်ဘက် ပြင်သစ်အသင်းက အီတလီအသင်းနှင့် ရမှတ် ၁၃ မှတ် တူဂိုးကွာခြားချက်အသာနှင့်အတူ အုပ်စုပထမဖြင့် ကွာတားဖိုင်နယ် သို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါ အုပ်စုမှ အခြားပွဲစဉ် ရလဒ်တွင် အစ္စရေးအသင်းက အသင်းကြီး ဘယ်လ်ဂျီယံအသင်း ကို အကြိတ်အနယ်ကစားပြီး တစ်ဂိုး - ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ သည်။

အောင်ဇော်

# အသင်းဖော်ကို လူမျိုးရေးပုတ်ခတ်ပြောဆိုမှုကြောင့် စပါးကွင်းလယ်ကစားသမား ဘန်တန်ကူရာကို ပွဲကစားခွင့် ခုနစ်ပွဲ ပိတ်ပင်

စပါးအသင်း ကွင်းလယ်ကစား သမား ရိုဒရီဂို ဘန်တန်ကူရာသည် အသင်းဖော် ဆွန်ဟောင်မင်ကို လူမျိုးရေးပုတ်ခတ် စော်ကား ပြောဆိုမှုကြောင့် အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်က ပွဲကစားခွင့် ခုနစ်ပွဲ ပိတ်ပင်ခဲ့ကြောင်း သိရ သည်။ ထို့ပြင် ၎င်းကို ပေါင် ၁၀၀၀၀၀ ဒဏ်ရိုက်ခဲ့ကြောင်း လည်း သိရသည်။ ဘန်တန်ကူရာ သည် ဒီဇင်ဘာ ၂၆ ရက်အထိ အင်္ဂလန် ပြည်တွင်းပွဲစဉ်များတွင် ပါဝင်ကစားခွင့်ရရှိမည် မဟုတ်ပေ။ ထို့ကြောင့် ၎င်းသည် ဒီဇင်ဘာ ၂၆ ရက်အထိ ပရီမီယာလိဂ်ပွဲစဉ်များ ကို လွဲချော်တော့မည်ဖြစ်သလို ကာရာဘောင်ဖလား ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်ဖြစ်သည့် မန်ယူအသင်းနှင့် ပွဲစဉ်ကိုလည်း လွဲချော်တော့မည် ဖြစ်သည်။

သို့သော်လည်း ဘန်တန်ကူရာ သည် စပါးအသင်း၏ ယူရိုပါလိဂ် ပွဲစဉ်များတွင် ပါဝင်ကစားခွင့်ရရှိ မည် ဖြစ်သည်။ ယခုနှစ်ရာသီတွင် စပါးအသင်းအတွက် ၁၅ ပွဲ ပါဝင် ကစားထားသော ဘန်တန်ကူရာ သည် နိုဝင်ဘာ ၁၁ ရက်တွင် စပါး အသင်းက အစ်ဆွစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် အသင်းအတွက် ပထမဆုံး သွင်းဂိုးကို သွင်းယူပေး ထားသည်။ ၎င်းသည် ၂၀၂၂ ခုနှစ် တွင် ဂျူဗင်တပ်စ်အသင်းမှ စပါး အသင်းသို့ ပြောင်းရွှေ့ရောက်ရှိ လာသူ ဖြစ်သည်။ **အောင်ဇော်**

## စလင်းမြို့နယ် ငလင်ပန်းကျေးရွာတွင် ရုံးပတီသီးဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ဆန်စပါး၊ နှမ်းနှင့် ပဲမျိုးစုံတို့အပြင် စားဖိုဆောင်သီးနှံဖြစ်သည့် ဟင်းသီးဟင်းရွက်များကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြပြီး ငလင်ပန်းကျေးရွာတွင် ရုံးပတီသီးနှံကို စိုက်ဧက ခုနစ်ဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ရုံးပတီသီးနှံကို စက်တင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလပထမပတ်တွင် အသီးများ စတင်ခူးဆွတ်ရကြောင်း၊ မြေအောက်ရေတင်စနစ်ဖြင့် အတန်းလိုက် နှစ်ပေအကွာကျင်းငယ်များတူးပြီး အစေ့ချ၍ စိုက်ပျိုးကြောင်း၊ ရုံးပတီသီးမျိုးအနေဖြင့် မျှားနီတံဆိပ်မျိုးစေ့ကို စိုက်ပျိုးပြီး ရေလုံလောက်စွာရရှိပါက တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့်ကုန်ကျပြီး အထွက်နှုန်းပိဿာချိန် ၉၀၀–၁၂၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ ပထမပတ်တွင် ရုံးပတီသီးတစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၀၀၀–၃၅၀၀ နှင့် လက်လီဈေး ရုံးပတီသီး ၁၀ တောင့်လျှင် ငွေကျပ် ၄၀၀–၅၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေကျပ် ၁၇ သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် စလင်းမြို့ပေါ်ရှိ ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြကြောင်းနှင့် ထိုမှတစ်ဆင့် မင်းဘူးမြို့နှင့် မကွေးမြို့ပေါ်ရှိ လက်လီလက်ကား ကုန်စိမ်းဆိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ရုံးပတီသီးများ ဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။



DOCA (မကွေး)

## ကျိုက်ထိုမြို့နယ်တွင် ကွမ်းပင် စိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေတိုး

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ကသာ၊ မလော့ချောင်၊ စွပ်ပွန်း၊ ခလွန်ကျေးရွာရှိ တောင်သူများမှာ ကွမ်းပင်ကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး စိုက်ဧကပေါင်း ၅၅၀ ဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ကွမ်းပင်ကို မိုးဦးရာသီ မေလတွင် စတင်စိုက်ပျိုးကြပြီး မြောင်းပေါင်များကို အကွာအဝေး သုံးပေခြား၍ စိုက်ပျိုးရကြောင်း၊ ကွမ်းပင်မျိုးအနေဖြင့် ကွမ်းနုဝါမျိုးကို စိုက်ပျိုးကြပြီး ကွမ်းညွှန့် တစ်ညွှန့်လျှင် ငွေကျပ် ၃၀၀–၃၅၀ ဖြင့် ဝယ်ယူရကြောင်း၊ စိုက်ပျိုးပြီး ရက်ပေါင်း ၉၀–၁၅၀ ရောက်ချိန်တွင် စတင်ဆွတ်ခူးနိုင်ပြီး ၁၅ ရက်တစ်ကြိမ် ခူးဆွတ်ရကြောင်း၊ တစ်ကြိမ်ခူးဆွတ်လျှင် တစ်ဧက အထွက်နှုန်း ပိဿာ ၈၀ ခန့် အထိ ထွက်ရှိကြောင်း၊ ကွမ်းမျိုးကောင်းမျိုးသန့်အပေါ်မူတည်၍ နှစ်နှစ်မှ သုံးနှစ်အထိ ခူးဆွတ်နိုင်ကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ကွမ်းပင်မျိုး (ကွမ်းညွှန့်)၊ ဝါး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၇၀ – ၇၅ သိန်းခန့် ကုန်ကျကြောင်း၊ ကွမ်းရွက်ဈေးနှုန်းများအနေဖြင့် ယာကွမ်းရွက် လက်ကားဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှင့် ရောကွမ်းရွက် လက်ကားဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကအကျိုးအမြတ်အနေဖြင့် တစ်နှစ်လျှင် ငွေကျပ်သိန်း ၅၀ – ၆၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကွမ်းများကို ကျိုက်ထိုမြို့နယ်အတွင်း ရောင်းချသည့်အပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်များသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

DOCA (မွန်)

## ရွှေတောင်မြို့နယ်တွင် ခဝဲသီးများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးလျက်ရှိပြီး တောင်သူများအကျိုးအမြတ်ရ

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ဝါးတော / ဝါးလည်ကျေးရွာတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သော ခဝဲသီးနှံကို တစ်ပိုင်တစ်နိုင် လေးဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ခဝဲသီးနှံကို မိုးရာသီဖြစ်သော ဇူလိုင်၊ ဩဂုတ်လများတွင် စိုက်ပျိုးကြပြီး စက်တင်ဘာလ အောက်တိုဘာလ များတွင် ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြသလို ပေါင်တင်စနစ်ဖြင့်လည်း စိုက်ပျိုးကြကြောင်း၊ အပင်သက်တမ်း ရက်ပေါင်း ၇၅–၈၀ ရောက်ရှိချိန်တွင် အသီးများကို စတင်ဆွတ်ခူးနိုင်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ခဝဲသီး အလုံးရေ ၁၀၀၀၀ ခန့် ထွက်ရှိကြောင်း၊ ခဝဲသီးကို တစ်ရက်ခြား တစ်ကြိမ်ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် ခဝဲသီးအတောင့် ၂၀၀ ခန့်ရရှိကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့၊ သွင်းအားစု၊ ဝါးနှင့် လုပ်သားခအပါအဝင် ငွေကျပ် ၁၃ သိန်းခန့် ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်တောင့်လျှင် လက်လီဈေးနှုန်း ၅၀၀ ကျပ် နှင့် လက်ကားဈေးနှုန်း ၃၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၇ သိန်းခန့် ရရှိပြီး ဈေးကွက်အနေဖြင့် သီးနှံကုန်စိမ်းဒိုင်များမှ စိုက်ခင်းထဲအရောက် လာရောက်ဝယ်ယူကြပြီး ရွှေတောင်မြို့နယ်အတွင်းသို့ တင်ပို့ရောင်းချကြောင်း သိရှိရသည်။

DOCA (ပဲခူး)

## ကျောက်ဆည်ခရိုင်တွင် ခရမ်းချဉ်သီးစိုက်ပျိုးခြင်းဖြင့် တောင်သူများတွက်ခြေကိုက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင်းရှိ တောင်သူများသည် စပါး၊ နှမ်း၊ ပဲ၊ ပြောင်း၊ ငရုတ်သီးနှံများကို စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ခရမ်းချဉ်သီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး ကျောင်းကုန်း၊ ငါးမြွေကုန်း၊ အင်ရောင်ကျေးရွာများတွင် ၁၂ ဧကခန့်ထိ အများဆုံး စိုက်ပျိုးထားကြောင်း သိရသည်။

ခရမ်းချဉ်သီးနှံကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလနောက်ဆုံးပတ်တွင် စတင်ခူးဆွတ်နိုင်ကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ကို စိုက်ပေါင်ဖြင့် ပျိုးထောင်ပြီး အပင်သက်တမ်း တစ်လခန့်အချိန်တွင် မြေချ၍ ဝါးတိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးရကြောင်း၊ မျိုးအနေဖြင့် (555)မျိုးနှင့် wonder (100) မျိုးများကို စိုက်ပျိုးကြပြီး (555) ခရမ်းချဉ်မျိုးကို အများဆုံးစိုက်ပျိုးကြောင်း၊ တစ်ဧကလျှင် မျိုးစေ့ ၆ – ၇ ထုပ်ခန့် စိုက်ပျိုးရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ခရမ်းချဉ်သီး ပိဿာ ၃၀–၄၀ ဝန်းကျင်ခန့် ထွက်ရှိပြီး တစ်ပတ်ထက်တစ်ပတ် အထွက်နှုန်းပိုမိုထွက်ရှိလာကြောင်း၊ ခရမ်းချဉ်သီး စတင်ထွက်ရှိချိန်တွင် ၃–၄ ရက်ခြား တစ်ကြိမ်ခူးဆွတ်ရပြီး သက်တမ်းအနေဖြင့် နှစ်လကျော်ခန့်ထိ ခူးဆွတ်နိုင်ကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ ဝါး၊ လုပ်သားခအပါအဝင် ငွေကျပ် ၁၂ သိန်းခန့်ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် ခရမ်းချဉ်သီး လက်ကားဈေးတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ – ၅၀၀၀ နှင့် လက်လီဈေးတစ်ပိဿာလျှင် ကျပ် ၆၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကုန်စိမ်းသီးနှံဖြစ်သည့်အတွက် ဈေးနှုန်းအတက်အကျရှိနိုင်ကြောင်း၊ ဈေးကွက်အနေဖြင့် ထွက်ရှိလာသော ခရမ်းချဉ်သီးများကို ကုန်စိမ်းပွဲစားများက စိုက်ခင်းထဲအထိ လာရောက်ဝယ်ယူကြပြီး မန္တလေးမြို့ရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၂၄ သိန်းခန့် အမြတ်ရရှိပြီး တွက်ခြေကိုက်လျက်ရှိကြောင်း ခရမ်းချဉ်သီးစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)



၁၈-၁၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညွှန့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၈၀၀၀ | ၁၀၃၉၃ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၃၀၀ | | ၇၇၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၈၀၀ | ၈၅၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၇၉၈၀ | ၁၇၅၀၀ | ၅၅၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၈၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၂၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၅၀၀၀ | | ၈၃၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၅၅၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၉၀၀၀ | ၇၃၇၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၅၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၅၅၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၂၁၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၇၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၈၀၅၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၃၅၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၀၅၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၇၇၀၀ | ၁၀၅၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၇၇၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၉၃၀ | ၁၄၀၀၀ | ၄၅၀၀ | ၁၆၀၀၀ | ၁၉၀၀၀ | ၉၂၀၀ | ၃၃၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၃၅၀ | ၂၅၀၀၀ | ၂၅၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၉၃၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၁၉၅၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၈၅၀၀ | ၅၃၅၀ | ၂၆၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**မကွေး နိုဝင်ဘာ ၁၈**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီး မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် Grade 11 နှင့် Grade 12 တွင် သင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ဥပဒေဘာသာရပ် သင်ကြား ပေးနိုင်ရန် ဆရာ ဆရာမများအား ဥပဒေ အသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ် (၂) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တရားလွှတ်တော် တရားသူကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းပို့ချမည့် ဥပဒေအရာရှိများ၊ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့ ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က သင်တန်းဆင်း ဆရာ ဆရာမများအနေဖြင့် တိုင်း ဒေသကြီးအတွင်းရှိ ဆရာ ဆရာမများအား ထပ်ဆင့် သင်တန်းပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများ အား သင်ရိုးညွှန်းတမ်းဖြင့် ပြန်လည်သင်ကြားပေးရ မည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ကြသည့် ဆရာ ဆရာမများအနေဖြင့် မိမိကိုယ်တိုင် ဥပဒေ ပညာကို သိရှိနားလည်ပြီး ပြန်လည်သင်ကြားပို့ချ ပေးနိုင်သည်အထိ ကြိုးစားသင်ယူကြစေလိုကြောင်း၊ ယခုကဲ့သို့ ဥပဒေအသိပညာကို ကျောင်းသင်ခန်းစာ တွင် သင်ရိုးညွှန်းတမ်းအဖြစ် ထည့်သွင်းသင်ကြား ပေးခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများသည် ဥပဒေ၏ အခြေခံသဘောတရားများကို နားလည် သဘောပေါက်ကာ ဥပဒေပါတားမြစ်ချက်ကို မလိုက်နာခြင်း၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စကို ပျက်ကွက်ခြင်းတို့အတွက် ပြစ်ဒဏ်သတ်မှတ် ထားကြောင်းနှင့် ပြစ်မှုကျူးလွန်ပါက ဥပဒေအရ အရေးယူခံရနိုင်ကြောင်းကို သိရှိခြင်းဖြင့် ဥပဒေကို လေးစားလိုက်နာတတ်စေရန်၊ နိုင်ငံသားတစ်ဦး၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်စေရန် မျှော်မှန်းပါကြောင်း စသည်ဖြင့် ပြောကြားသည်။




ယင်းနောက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ခြောက်ခုအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ်သိန်း ၂၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ရာ တိုင်းဒေသ ကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က လက်ခံရယူ သည်။

အဆိုပါသင်တန်းတွင် ဆရာ ဆရာမ ၁၆၅ ဦး အား တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ လက်ထောက် တိုင်းဒေသကြီး ဥပဒေအရာရှိခုနစ်ဦးက နိုဝင်ဘာ ၁၈ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။ **အောင်ကို(ဖန်ခါးမြေ)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဝန်ကြီးချုပ်ဖလားအားကစားပြိုင်ပွဲ မီနီမာရသွန်၊ စက်ဘီးနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး

**မုံရွာ နိုဝင်ဘာ ၁၈**

မုံရွာမြို့ပေါ်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ ချစ်ကြည်ရင်းနှီးမှုများ ရရှိနိုင်စေရေး အတွက် ၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားဝန်ကြီးဌာနများနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲ အမျိုးသား အမျိုးသမီးမီနီမာရသွန်၊ စက်ဘီးပြိုင်ပွဲများကို နိုဝင်ဘာ ၁၇ ရက်က မုံရွာမြို့ အနောက်ဘက် ကန်သာယာ၌ကျင်းပရာ ပြိုင်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များနှင့်ဇနီးများ၊ ဌာနဆိုင်ရာများမှ အရာ ထမ်း၊ အမှုထမ်းများ၊ ပြည်သူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ ကို တာထွက်အချက်ပြကာ ဖွင့်လှစ်ပေးပြီး တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ အနောက်ဘက်ကန်သာယာ တစ်လျှောက်မှ အရာထမ်း၊ အမှုထမ်းများက တစ်ပျော် တစ်ပါး အားပေးကြပြီး မီနီမာရသွန်အားကစားသမား များ ပန်းဝင်လာမှုတို့အား ဝန်ကြီးချုပ်နှင့်အဖွဲ့က အားပေးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါမုခ်ဦးတွင် အမျိုးသား အမျိုးသမီးစက်ဘီးပြိုင်ပွဲ ယှဉ်ပြိုင်နေများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများက ပန်းဝင်လာသည့် စက်ဘီးပြိုင်ပွဲဝင် အားကစားသမား များအား သောင်းသောင်းဖြဖြ ကြိုဆိုအားပေးခဲ့ကြ သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစား ကွင်းအတွင်း ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဖလား ဝန်ကြီးဌာနများနှင့် တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များ အားကစားပြိုင်ပွဲ အမျိုးသမီး ထုပ်ဆီး တိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများနှင့် အမျိုးသား အမျိုး သမီး မီတာ ၈၀၀၊ မီတာ ၄၀၀၊ မီတာ ၂၀၀၊ မီတာ ၁၀၀ ပြေးခုန်ပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန် ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




# ကနီမြို့နယ်မှ ပြည်သူ ၆၀၀ ကျော်အတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားများ ထုတ်ပေးနိုင်ခဲ့

**ယင်းမာပင် နိုဝင်ဘာ ၁၈**

ကနီမြို့နယ်၏ အိမ်ထောင်စု ဇယား ထုတ်ပေးခြင်း၊ e ID ထုတ်ပေးခြင်းနှင့် Biometric ကောက်ယူခြင်း လုပ်ငန်းများကို မုံရွာမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန စုပေါင်းရုံးအတွင်း၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကနီနဲ့ ယင်းမာပင်မြို့နယ် တွေအတွက် လဝကဆိုင်ရာ လုပ်ငန်းတွေကို ဆောင်ရွက်ပေး နေပါတယ်။ ပြည်သူတွေအနေနဲ့ အခက်အခဲမရှိ၊ ကြန့်ကြာမှုမဖြစ် အောင် ဆောင်ရွက်ပေးနေပြီး နိုင်ငံတော်က တရားဝင်သတ်မှတ် ထားတဲ့ အခကြေးငွေကိုသာ ပေးသွင်းလုပ်ဆောင်နိုင်ပါတယ်" ဟု မြို့နယ်ဦးစီးမှူးက ပြောကြား သည်။



ရုံးသို့လာရောက်၍ မှတ်ပုံတင် လဲလှယ်ပေးခြင်း၊ အသစ်ထုတ်ပေး ခြင်း၊ မှတ်ပုံတင်ပျောက်ဆုံး၊ ပျက်စီးသူများအတွက် ထပ်မံ ထုတ်ပေးခြင်း၊ အိမ်ထောင်စု ဇယားများ ဆောင်ရွက်ပေးခြင်း လုပ်ငန်းများအတွက် လွယ်ကူစွာ ဆောင်ရွက်နိုင်ပြီဖြစ်သည်။

"မုံရွာမြို့မှာ ရောက်ရှိနေရင်း ကနီမြို့နယ်(ယာယီရုံး)မှာ မှတ်ပုံ တင်အပျောက် လာလျှောက်တာ ပါ။ လွယ်လွယ်ကူကူနဲ့ လုပ်ဆောင် ခွင့်ရခဲ့ပါတယ်"ဟု ကနီမြို့ အမှတ်(၂) ရပ်ကွက်မှ ဦးကျော်မြင့် စိုးက ပြောကြားသည်။

ထို့အတူ ကနီမြို့ အမှတ်(၁) ရပ်ကွက်မှ ဒေါ်ခင်အေးကလည်း အိမ်ထောင်စုဇယား အသစ် လာရောက် လျှောက်ထားရာ၌ လွယ်ကူလျင်မြန်မှုရှိပြီး ဝန်ထမ်း များက လိုအပ်သည့် အချက် အလက်များကို ရှာဖွေကူညီပေး ကြကြောင်း ပြောပြသည်။

မုံရွာမြို့၌ ဖွင့်လှစ်ထားသည့် ကနီမြို့နယ် လဝကရုံး (ယာယီ)၌ မှတ်ပုံတင်အသစ် ပြုလုပ်ခြင်း၊ ပျောက်ဆုံးပျက်စီးသူများအတွက် ထပ်မံထုတ်ပေးခြင်း၊ အိမ်ထောင်စု ဇယားများ ထုတ်ပေးခြင်း ဆောင်ရွက်ပေးနိုင်ခဲ့သည့် ပြည်သူ ၆၀၀ ခန့်အထိ ရှိလာပြီဖြစ် ကြောင်း ကနီမြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ သိရသည်။ **စိုးစိုး**

# ကျိုင်းတုံမြို့၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာမျှဝေ

**ကျိုင်းတုံ နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့ လျှော့ချရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၈ ရက်က ကျင်းပသည်။

ကျိုင်းတုံမြို့နယ် ဖာနဒေကျေးရွာ၌ ကျင်းပရာ ခရိုင်ဒုတိယဦးစီးမှူး ဦးစိုင်းဝေယံထွန်းက ရွှေ့ပြောင်းတောင်ယာ အများဆုံးစိုက်ပျိုး လုပ်ကိုင်သည့်နေရာများနှင့် ကာလများ၊ တောင်ယာစိုက်ပျိုးရန် မီးရှို့သည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုး များအပါအဝင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များအကြောင်း အသိ ပညာပေးခဲ့ပြီး မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးစောလှမင်း က သစ်တောကဏ္ဍနှင့်ပတ်သက်၍ ကျေးရွာနေဒေသခံပြည်သူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ဒုတိယမြို့တော်ဝန် ဦးညီညီ မြို့တော်သန့်ရှင်းသာယာသပ်ရပ်ရေး လုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် တပင်ရွှေထီးလမ်း သန့်ရှင်းသာယာသပ်ရပ်ရေးဆောင်ရွက်နေမှုအား သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာ ကောင်းမွန်စေရေး လမ်းဘေးရေမြောင်းများအတွင်းရှိအမှိုက်များ ဆယ်ယူရှင်းလင်းရန်၊ လိုအပ်သည့် စက်ယန္တရားအသုံးပြု၍ လမ်းဘေးဝဲယာအမှိုက်များ ရှင်းလင်းရန်နှင့် တပင်ရွှေထီးလမ်း သန့်ရှင်းသာယာ သပ်ရပ်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၇)ရပ်ကွက် ဘုရင့်နောင်လမ်း ဗိုလ်မှူးဗထူး တန်ဖိုးမျှအိမ်ရာအနီးရှိ မူလက အရှည်ပေ ၂၀၊ အကျယ် ၂၃ ပေ ရှိသည့် ထားဝယ်ချောင်တံတားအား ယာဉ်များသွားလာမှု အဆင်ပြေချောမွေ့စေရန် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) က အရှည်ပေ ၂၀၊ အကျယ် ၃၆ ပေ တိုးချဲ့ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် မင်းရဲကျော်စွာလမ်းအား အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) က အရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ အောက်ခံထု ခြောက်လက်မနှင့် အပေါ်ယံထု ရှစ်လက်မ ကွန်ကရစ်လမ်းသား တိုးချဲ့ခင်းကျင်းနေမှု လုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယမြို့တော်ဝန်က လမ်းပေါ်ရေတင်ရေဝပ်မှု မရှိစေရေး အလေးထားဆောင်ရွက်ရန်၊ လမ်းဘေးဝဲယာ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းရန်၊ ရေစီးရေလာ ကောင်းမွန်စေရန် လမ်းဘေးရေမြောင်းများ စနစ်တကျ ဖောက်လုပ်ထားရှိရန်၊ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းသားတိုးချဲ့ခြင်းလုပ်ငန်း ပြီးစီးပါက လမ်းညွှန်အမှတ်အသားများ စနစ်တကျ ရေးဆွဲထားရှိရန်၊ လမ်းတိုးချဲ့မှုလုပ်ငန်း ဆောင်ရွက်နေစဉ် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဧရာဝဏ်လမ်းအား အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) က အရှည်ပေ ၂၇၀၀၊ အကျယ် ၁၅ ပေ၊ အောက်ခံထု ခြောက်လက်မနှင့် အပေါ်ယံထု ရှစ်လက်မ ကွန်ကရစ်လမ်းသား တိုးချဲ့ဆောင်ရွက်နေမှု လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်တထောင်မြို့နယ် နန်းသီတာပန်းခြံဧရိယာ သန့်ရှင်းသာယာ လှပစေရေးအတွက် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**




(၂၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်


# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “Ko Tin Htoo Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက်နေ တင်ထူးအောင်အား ကျောင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ရေချိုတာရေး နည်းလမ်းများ**

- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များဖမ်းဆီးရမိ


ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် နိုဝင်ဘာ ၁၈**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၃၂၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၈၃၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်နှင့် မအူပင်ခရိုင်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ် ၁၁ စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၀ ဒသမ ၅၀၉) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၃၅၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်သုံးစီးနှင့် မော်တော်ဆိုင်ကယ် နှစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၇၀၄၃၅၂ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်စည်များဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေနိုင်သကဲ့သို့ တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တင်သွင်းခြင်းတို့ကြောင့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများ ဖြစ်ပေါ်စေနိုင်ပြီး ပြည်သူလူထုအတွက် အသက်အန္တရာယ် ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လုံ့ဆော်ရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန် ပြည်သူ ၃၀ ကျော်ကို ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်သူများကို သေနတ်ဖြင့် လိုက်လံပစ်ခတ်ခဲ့ရာ ပြည်သူ တစ်ဦး




ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့များမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အတွက် လူငယ်များ လမ်းသွားလမ်းလာများကိုပေါ်တာဆွဲဖမ်းဆီးခြင်းများ မရှိဘဲ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင် လွဲမှားစေရန် လုပ်ကြံ ရေးသားထားခြင်းသာ ဖြစ်ကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများစိုးရိမ်ထိတ်လန့်လာပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားဖြင့် မဟုတ်မမှန် လှုံ့ဆော်ရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*
စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ် လိပ်ကုန်းကျေးရွာနေ ဖမ်းဆီးရမိယာဉ်ပိုင်ရှင်ဖြစ်သူ အောင်ခိုင်ထူးနှင့် ဇနီး မမိုးစံပယ် တို့၏ အစီအမံဖြင့် တောင်ကြီးမြို့နယ် အေးသာယာမြို့မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့်အကျိုးအမြတ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် KING LONG အမျိုးအစား ခရီးသည်တင်မှန်လုံယာဉ်တစ်စီးနှင့် HIGER အမျိုးအစား ခရီးသည်တင်မှန်လုံယာဉ်တစ်စီးတို့အား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျိုက်ထိုမြို့နယ်၌ ရော်ဘာမှိုင်းခံရုံအတွင်း ရော်ဘာပြားများ မီးအပူပေးရာမှ အပူရှိန်များပြီး မီးလောင်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၁၈**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ နိုဝင်ဘာ ၁၇ ရက်က ရော်ဘာမှိုင်းခံရုံအတွင်း ရော်ဘာပြားများ မီးအပူပေးရာမှ အပူရှိန်များပြီး မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီ ၃၅ မိနစ်တွင် ကျိုက်ထို မြို့နယ် ဘိုက္ကားကျေးရွာ ရန်ကုန်- မော်လမြိုင် ကားလမ်းဝဲဘက်ခြမ်းရှိ ဦးတင့်လွင် ပိုင်ဆိုင်သည့် ရော်ဘာခြံအတွင်းရှိ ရော်ဘာမှိုင်းခံရုံ၌ မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် သုံးစီး ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သွားရောက် မီးငြိမ်းသတ်ခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားပြီး ဖြစ်စဉ်အားစိစစ်ရာ ဘိုက္ကားကျေးရွာနေ မြင့်ကျော် (၄၂) နှစ်သည် ရော်ဘာမှိုင်းခံရုံအတွင်း၌ရော်ဘာပြား အလေးချိန်ပေါင် ၇၀၀ ခန့်အား မီးအပူပေးရာမှ အပူရှိန်များပြီး မီးစတင်လောင်ကျွမ်းခဲ့မှုကြောင့် အုတ်ညှပ်တစ်ထပ် အဆောက်အအုံ၏ အမိုးအနည်းငယ်နှင့် ရော်ဘာပြားများ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့သောကြောင့် မြင့်ကျော်အား ကျိုက်ထိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီး ဌာန /အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း ဆောင်ရွက်လျက်ရှိ ပါသည်။




၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်း နှင့် တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme– PFP) ကို အသုံးပြုဆောင်ရွက်လျက် ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့ အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့ မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည် ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူ ခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုပါကြောင်း အသိပေး နှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ပိုးသတ်ဆေးဖြန့်ဖြူးသူ အမည်ပြောင်းလဲမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

**Zagro Chemicals Sdn. Bhd.** မှထုတ်လုပ်သောအောက်ဖော်ပြပါပိုးသတ်ဆေးများအား **Zagro Myanmar Limited.** မှ **Northern Aung Power Agrochemical Co.,Ltd** သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်သို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

| No. | Trade Name | Active Ingredients | Reg Type | Reg; No. |
|---|---|---|---|---|
| 1 | Zacocin 47 WP | Copper Oxychloride 45%+ Kaugamycin 2% w/w WP | Provisional | P2024–6350 |

Northern Aung Power Agrochemical Co., Ltd. TEL: (95) 9 799664665

## ပတ်စ်ပို့ပျောက်

ကျွန်မ မသီတာအောင် ၇/ပခန(နိုင်)၃၃၇၀၄၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၆၉၄၁၀၅၃၅၁

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀–၁၀–၂၀၂၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာ၏ စာမျက်နှာ(၂၅)တွင် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း၏ စာကြောင်းရေ(၄)ကြောင်း မြောက်ရှိ အောင်ဘိုဘို (ခ)အငယ်လေး ၁၂/ယပတ(နိုင်) ၀၈၂၂၉၇ အစား ၁၂/ရပသ(နိုင်) ၀၈၂၂၉၇ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ၀နရပ်ကွက်၊ သီရိဟေမာလမ်း၊ အမှတ်(၅၀၊ ပထမထပ်)နေ ဒေါ်မြင့်မြင့်ဝင်း ၁/မကတ (နိုင်)၀၇၄၆၃၉ ၏ဖခင် ဦးမနော်(ခ)ဦးဝင်းရွှေမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/11535 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရာဇာလင်း ၇/ပခန(နိုင်) ၂၅၀၁၀၄က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/12930 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာဝင်း ၇/ကတခ(နိုင်) ၀၉၈၄၅၆က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (တောင်ငူ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၂)၊ အုံးတောအကွက်၊ ဦးပိုင်အမှတ်(၁၈၆–ခ)၊ ဧရိယာ(၀ဒသမ၀၃၄)ကေရှိ မြို့မြေ (B) သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အိမ်အမှတ်(၁၁)၊ ဦးလူလမ်းနေ ဦးကျော်စိုးဝင်းမှ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေအမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန ပုသိမ်မြို့**

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

- ❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေးခွတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့်လူများသည် အသုံးပြုမည့်ရေကို သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊
- ❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသော ငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့လုပ်ဆောင်ပါရန်၊
- ❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံး ပြန်လည်ဆယ်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှုနှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုကို ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများထားရှိပါရန်၊
- ❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်ကို သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များပိတ်ဆို့ခြင်းကို အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊
- ❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များကို ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များကို ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊
- ❖ ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများကို ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများကို အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အဦ၊ ကန်များတည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များကို သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan) ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့ကို ပြင်ဆင်ထားရှိပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို မွေးမြူမည့်ငါးများအတွက် သင့်တော်သော ရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## နေပြည်တော်

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ကြော်ငြာခေါ်ယူထားသော အငယ်တန်းစာရေးနှင့် စာရင်းကိုင်(၄) ရာထူးနေရာများအတွက် ၂၁-၁၀-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အရည်အချင်းစစ်ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ ခုံအမှတ်စာရင်းအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

(က) **အငယ်တန်းစာရေး ရာထူးနေရာများအတွက် ရေးဖြေအောင်မြင်သူ ခုံအမှတ်စာရင်း**

| စဉ် | ခုံအမှတ် | အမည်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|
| (၁) | ခုံအမှတ် (၂) | မမေသင်းခိုင် ၁၂/အစန(နိုင်) ၂၂၉၁၃၂ |
| (၂) | ခုံအမှတ် (၃) | မစုမွန်နိုင် ၁၂/အစန(နိုင်) ၁၉၅၅၁၃ |
| (၃) | ခုံအမှတ် (၄) | မနန္ဒာအောင် ၁၂/မဂတ(နိုင်) ၁၁၀၁၄၄ |
| (၄) | ခုံအမှတ် (၅) | မနန်းချယ်ရီမြင့် ၁၂/ကတတ(နိုင်)၀၃၀၈၁၉ |
| (၅) | ခုံအမှတ် (၇) | မအေးနန္ဒာကျော် ၈/စတရ(နိုင်)၀၄၂၇၃၆ |
| (၆) | ခုံအမှတ် (၉) | မအေးအေးထွေး ၉/တသန(နိုင်)၂၁၁၃၁၆ |
| (၇) | ခုံအမှတ် (၁၀) | မဟန်စုငြိမ်း ၉/တဆန(နိုင်) ၁၉၉၆၇၄ |
| (၈) | ခုံအမှတ် (၁၂) | မနှင်းအိမွန် ၈/မသန(နိုင်) ၁၁၂၄၁၉ |

(ခ) **စာရင်းကိုင် (၄)ရာထူးနေရာ များအတွက် ရေးဖြေအောင်မြင်သူ ခုံအမှတ်စာရင်း**

| စဉ် | ခုံအမှတ် | အမည်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|
| (၁) | ခုံအမှတ် (၁) | မပိုးအိစံ ၉/တကန(နိုင်) ၂၃၄၃၁၅ |
| (၂) | ခုံအမှတ် (၂) | မစုမြတ်ရွှေစင် ၉/ရမသ(နိုင်) ၂၂၁၂၁၉ |

၂။ အဆိုပါ စာမေးပွဲအောင်မြင်သူများသည် (၂၀-၁၁- ၂၀၂၄) ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ ဖုန်း ၀၆၇၃ - ၄၁၂၂၀၃, ၄၁၂၂၀၅ များသို့ သတင်းပို့ဆက်သွယ်ရန်ဖြစ်ပြီး (၂၂ - ၁၁-၂၀၂၄) ရက်နေ့ (သောကြာနေ့) နံနက် (၀၉:၃၀) နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသဖြင့် လူတွေ့အရည်အချင်းစစ်ဆေးမှုခံယူရမည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း)၊ ဘွဲ့လက်မှတ် (မူရင်း)၊ ဒီပလိုမာအောင်လက်မှတ်များရှိပါက(မူရင်း)များယူဆောင်၍ မပျက်မကွက်လာရောက် ဖြေဆိုရန် အကြောင်းကြားပါသည်။

**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/နန္ဒသူ၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ ၀ ဒသမ ၀၉၅ ဧကအား ဦးသန်းမြင့် (ဘ)ဦးအေးမောင် ၉/တကန(နိုင်)၀၄၁၁၄၂မှ (မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးစိုးမင်း(ဘ) ဦးခွေး ၉/တကန(နိုင်)၀၀၄၅၉၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံး လုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၂/မင်းရပ်)၊ ဦးပိုင်အမှတ်(၇၄-က+၇၄-ခ)၊မြေကွက်အမှတ်(၁၂၇/၂၁၆+၁၂၇)၊ မြေဧရိယာ ၀.၀၃၄ဧကရှိ မြေကွက်သည် ဒေါ်သန်းဆင့်အမည်ဖြင့် (၂၆-၁၀-၁၉၉၉)မှ (၂၅-၁၀-၂၀၂၉)အထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်သန်းဆင့်နှင့် ဦးစံခိုင်တို့သည် တရားဝင်ဇနီးခင်ပွန်းများဖြစ်ကြပြီး ၎င်းတို့တွင် (၁)ဦးကျော်နိုင်၊ (၂)ဦးထွန်းမြင့် စသည့်သားနှစ်ဦးထွန်းကားခဲ့ပြီး ဦးစံခိုင်သည်(၆-၅-၁၉၅၃)ရက်တွင် လည်းကောင်း၊ ဒေါ်သန်းဆင့်သည်(၃၀-၉-၂၀၁၆)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြပြီးဖြစ်ကြောင်း၊ ဦးကျော်နိုင်နှင့် ဦးထွန်းမြင့်တို့မှ ကျမ်းသစ္စာကျိန်ဆို၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာခဲ့ပါသည်။ အဆိုပါမြေကွက်အား(၁၀-၁၀-၂၀၂၄)ရက်တွင် ဦးကျော်နိုင်ပါ(၂)ဦးနှင့် ဦးစိုးလင်းမျိုးတို့ မှတ်ပုံတင်စာချုပ်ချုပ်ဆိုခဲ့ကြပြီးနောက် ဦးစိုးလင်းမျိုး ၉/ မထလ(နိုင်)၀၇၃၇၅၇ မှ မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ထားဝယ်)
## နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် ကျောက်လမ်း(၁)လမ်းနှင့် ကွန်ကရစ်လမ်း(၂)လမ်းလုပ်ငန်းတို့အား ဘဏ္ဍာရေးနှစ်ကာလအတွင်း အချိန်မီပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် တင်ဒါဖိတ်ခေါ် အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို (၁၈-၁၁-၂၀၂၄)ရက်မှ စတင်၍ရောင်းချမည်ဖြစ်ပြီး(၁-၁၂-၂၀၂၄)ရက် ညနေ(၁၆:၀၀)နာရီတွင် နောက်ဆုံးထား၍ တင်ဒါလျှောက်လွှာများအား ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဆိပ်ကမ်းသာလမ်း၊ ထားဝယ်မြို့(ဖုန်း-၀၅၉-၂၀၂၂၁၂၆၊ ၀၉-၄၅၈၃၂၉၇၆၃၊ ၀၉-၂၅၄၃၀၃၀၁၈)ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ တင်ဒါဖွင့်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**

## အမည်မှန်နှင့်ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ပေါက်တောကျေးရွာအုပ်စု၊ လက်ပန်ခုံကျေးရွာနေ မောင်ရှိုင်းနင်းစတား၏ အမည်မှန်မှာ စောရှိုင်းနင်းစတားဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစောစံမြင့် ၇/အတန(နိုင်)၀၈၂၀၇၃ ဖြစ်ပါကြောင်း။

**ဦးစောစံမြင့်**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ညောင်ချက်ကျေးရွာနေ ဦးကျော်ဝဏ္ဏ ၁၂/မရက(နိုင်) ၀၆၁၁၄၂ ၏သား မောင်ထက်မြတ်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၃၁-၁၂-၂၀၁၁ဖြစ်ပါကြောင်း။

**ဦးကျော်ဝဏ္ဏ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မစိုးပပအောင် ၁၂/ဒဂတ(နိုင်)၁၁၀၈၇၄၏ နိုင်ငံကူးလက်မှတ်အမှတ် MF-418348 ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၅၅၁၁၀၉၊ ၀၉-၈၈၃၆၁၁၂၁၄**

## မြေကွက်အပြီးအပိုင် အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သုံးခွရပ်ကွက်၊ ခရေလမ်း၊ ဧရိယာ (၅၀ပေ x ၃၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဖြစ်သော ဦးမောင်ဇော် ၉/တသန(နိုင်)၁၁၉၉၄၆မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးနေဇော်အောင် ၆/ရဖန(နိုင်)၀၆၈၆၈၃နှင့် ဒေါ်ဟန်နီထိုက် ၆/တသရ(နိုင်)၀၄၉၄၉၀ တို့ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ရောင်းချဝယ်ယူခြင်းအား ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိဘဲ ကျော်လွန်သွားပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေဇော်အောင်နှင့် ဒေါ်ဟန်နီထိုက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေမေဇင် LL.B(Law),D.I.L**
**အထက်တန်းရှေ့နေ(စဉ်-၅၀၂၄၅)**
**အမှတ်(၁၀၅၅)၊ ဩဿဒ္ဒါ(၉)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၁၅၀၆၂၂၀**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ (ကမာရွတ်)ဦးပိုင်အမှတ်(၄သ/၁၆)၊ ဧရိယာ(၂၅ပေ x ၆၅ပေ) တိုင်းတာခွဲစိတ်သည့် ကန့်သတ်နယ်မြေ အမှတ်စဉ်(၃)၊ အကျယ်အဝန်း (၀ ဒသမ ၀၃၇)ဧကရှိ မဟာဆွေ(၂)လမ်း၊ အိမ်အမှတ်(၅)အပေါ်ရှိ ကိုဇေယျာထွန်းအမည်ပေါက်(၃/ခ)၊ အိမ်ရာမြေ၊ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စပ်ဆက်စာချုပ်အားလုံးဖြင့် ဝယ်ယူပိုင်ဆိုင်သူ ကိုဇေယျာထွန်း ၇/ဖမန(နိုင်) ၀၉၀၁၃၆၆ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း မကန့်ကွက်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုယဉ် (LL.B,D.B.L,D.M.L,D.I.L,D.A.Psy)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်(၅)၊ အခန်း(၀၀၂)၊ မြနန္ဒာအိမ်ရာ(၂)လမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၁၄၂၆**

## ပိုးသတ်ဆေးဖြန့်ဖြူးသူအမည်ပြောင်းလဲမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

Zagro Chemicals SDN BHD မှထုတ်လုပ်သောအောက်ဖော်ပြပါပိုးသတ်ဆေးများအား Zagro Myanmar Limited. မှ Myanma Taiza Agriculture Company Limited. သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်သို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| No. | Trade Name | Active Ingredients | Reg Type | Reg;No. |
|---|---|---|---|---|
| 1 | ELak 50 EC | Profenofos 50% w/v EC | Full | F2016-1226 |

Myanma Taiza Agriculture Company Limited. TEL:(95)9 5108905

## ပိုးသတ်ဆေးဖြန့်ဖြူးသူအမည်ပြောင်းလဲမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

Zagro Singapore Pte.,Ltd မှထုတ်လုပ်သောအောက်ဖော်ပြပါပိုးသတ်ဆေးများအား Zagro Myanmar Limited. မှ Myanma Taiza Agriculture Company Limited. သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တွဲဖက် အတွင်းရေးမှူး၊ မြန်မာနိုင်ငံ၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်သို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| No. | Trade Name | Active Ingredients | Reg Type | Reg;No. |
|---|---|---|---|---|
| 1 | Taniamine 720 SL | 2,4-D Amine 72% w/v SL | Full | F2019-2105 |
| 2 | Shutter | Butachlor 35%+Propanil 35% EC | Provisional | P2023-4931 |
| 3 | Mustang | Chlorimuron-ethyl 10%+ Metsulfuron-methyl 10% WP | Provisional | P2020-4941 |

Myanma Taiza Agriculture Company Limited. TEL:(95)9 5108905

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယရပ်၊ ဦးပိုင်အမှတ်(၁၂၁ᶜ)၊ မြေဧရိယာ (၀.၀၃၉)ဧကအား ဒေါ်အေးစန်းမြိုင် (ဘ)ဦးလှမောင် ၉/တကန(နိုင်)၀၀၇၇၂၂မှ တပ်ကုန်းမြို့နယ်မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၃၃၂၅/၂၀၂၄၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ၊မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/3129 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/82774, Dayang 110 ယာဉ်လက်ဝယ်ရှိသူ Thet Htar Zin Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/14257, New Zhineng 110 ယာဉ်လက်ဝယ်ရှိသူ That Hnin Su Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/62119, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငုဝါထွန်း ၁၄/သပန(နိုင်)၀၈၁၉၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 77W/17290, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခန့်ဇေယျာအောင် ၁၄/သပန(နိုင်) ၁၇၅၇၄၇ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ဆန်းထွန်း ၁၁/မဥန(နိုင်) ၀၂၅၄၁၅၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၇၄၃၉၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/48925 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါမင်း ၉/တကန(နိုင်)၀၀၇၃၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၃-င/နန်းတော်ကုန်း)၊ဦးပိုင်အမှတ်(၁၄)၊ မြေကွက်အမှတ်(၃/၇၇)၊ မြေဧရိယာ(၀ဒသမ၀၄၆)ဧကရှိ မြေကွက်သည် ဒေါ်ငြိမ်းအမည်ဖြင့် (၃-၁၀-၁၉၇၉)မှ (၂-၁၀-၁၉၉၉)အထိ (၂၀) နှစ်မြေငှားဂရန် ရရှိထားသောမြေကွက် ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်အဆောက်အအုံအား (၁၀-၁၀-၂၀၂၄)ရက်တွင် ဒေါ်ငြိမ်း၏ကိုယ်စား မိတ္ထီလာမြို့နယ်တရားရုံး၊ ဘီလစ်စာရေး ဒေါ်ယဉ်ယဉ်ထွေး ထံမှ ဦးသိန်းနိုင်ဦး+ဒေါ်သူဇာထိုက် တို့က မှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူပြီးနောက် ဦးသိန်းနိုင်ဦး ၉/မထလ(နိုင်) ၀၀၇၄၅၈+ဒေါ်သူဇာထိုက် ၉/မထလ(နိုင်) ၀၀၁၉၂၈ တို့မှ မြေငှားဂရန် အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## အများသိစေရန်ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)တစ်နေရာ တည်းတွင်သာ ချင်စုမြန်မာကုမ္ပဏီလီမိတက်အထပ်သားစက်ရုံကို ကုမ္ပဏီ မှတ်ပုံတင်အမှတ်- (၅၀FC/၁၉၉၃-၁၉၉၄)၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့် (၁၀၅/၉၄)ဖြင့် တည်ဆောက်ထားရှိပါသည်။ ကုမ္ပဏီအနေဖြင့်စက်ရုံ နှင့်ပတ်သက်သည့် လုပ်ငန်းကိစ္စရပ်များအားလုံးကို စက်ရုံရှိတာဝန်ရှိသူများ နှင့်သာ တိုက်ရိုက်စာချုပ်ချုပ်ဆိုလုပ်ကိုင်ပါသည်။ ယခုအခါတွင် ကုမ္ပဏီအမည် ဖြင့် အလွဲသုံးစားပြုလုပ်နေခြင်းများ တွေ့ရှိနေပါ၍ အလွဲသုံးစားမှုများ၊ မသမာမှု လုပ်ငန်းများ အားလုံးကို ချက်ချင်းရပ်တန့်ပေးရန် နှင့်ဆက်လက်လုပ်ကိုင် ဆောင်ရွက်မှုများကြောင့် ပြဿနာတစ်စုံတစ်ရာ၊ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့ ပါက ကုမ္ပဏီနှင့် လုံးဝမသက်ဆိုင်ပါကြောင်း၊ တာဝန်မရှိပါကြောင်းနှင့်ကုမ္ပဏီ ဂုဏ်သိက္ခာကျဆင်းမှုများ၊ အလွဲသုံးစားမှုများဆက်လက်လုပ်ကိုင်ဆောင်ရွက် ပါက တည်ဆဲဥပဒေအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ချင်စုမြန်မာကုမ္ပဏီလီမိတက်**
**ဖုန်း-၀၁-၈၆၆၆၁၈၃၊ ၀၁-၈၆၅၁၄၃၆၊ ၀၁-၈၆၅၀၅၃၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၃၀၇၈)၊ ဧရိယာ(၀ဒသမ၁၁၀)ဧကရှိ ဒေါ်သန်းသန်းစိန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၅၆/၂၀၂၃) ဖြင့် လွှဲအပ်ခြင်း ခံရသူ ဦးသက်လင်းအောင်၊ ၁၂/မဘန(နိုင်)၁၀၆၆၅၈ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်း များတင်ပြပြီး ဒေါ်အိမွန်ဝင်း၊ ၁၄/ကခန(နိုင်)၀၇၃၃၅၂ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ဒုတိယအကြိမ် အသိပေးကြေညာခြင်း

